# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday 2 December 2019 ၉၈၅၁


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

## ကြေးမုံ ယနေ့ ဖတ်စရာ


ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကာ ငမိုးရိပ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရန် ရေပေးဝေသွားမည် စာမျက်နှာ » ၂

အတားအဆီးကင်းဝေး မသန်စွမ်းလူ့အခွင့်အရေး စာမျက်နှာ » ၆

အနည်းဆုံးအခကြေးငွေ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၇

စက်ဘီးစီးသူ ၁၀၀၀ ကျော်ဖြင့် မုံရွာမြို့ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ ကျင်းပ စာမျက်နှာ » ၈

အီရန်က ပြည်တွင်းဖြစ် ခရုဇ်ဒုံးကျည် အစုလိုက် အပြုံလိုက် ထုတ်လုပ် စာမျက်နှာ » ၁၂


# ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ဗဟိုအဆင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ဗဟိုအဆင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁**

ဗဟိုအဆင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အဖွင့်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

**၂၀၁၅ ခုနှစ်အစမှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူ နှစ်သိန်းကျော်အနက် လူနာ ၈၅၀၀၀ ကျော်ကိုသာ ဘဝတစ်သက်တာသောက်ရမည့် အေအာရ်တီဆေး (Lifelong ART)ဖြင့် ကုသမှုပေးနိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ လူနာပေါင်း ၁၇၅၀၀၀ ကျော် နှစ်ဆကျော်ထိ တိုးမြှင့်ကုသမှုပေးနိုင်ခဲ့။**

# လပွတ္တာ(ပင်လယ်လေး)တံတားသစ်ပေါ်၌ ယာဉ်များအား ယာယီဖြတ်သန်းသွားလာခွင့်ပြု

**လပွတ္တာ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံများသွားလာရေး အဆင်ပြေလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာ(ပင်လယ်လေး) ပင်မကြိုးတံတားဟောင်းကိုဖယ်ရှားကာ လပွတ္တာ(ပင်လယ်လေး) တံတားသစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ ယနေ့ နံနက် ၅ နာရီမှစတင်ကာ တံတားသစ်ပေါ် ယာဉ်များကို ယာယီဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိပင်လယ်လေးမြစ်ကို ဖြတ်ကျော်ကာ တည်ဆောက်ခဲ့သည့် လပွတ္တာ(ပင်လယ်လေး) တံတားသစ်မှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော် လမ်းပေါ်၌တည်ရှိသည်။ စီမံကိန်း ခန့်မှန်းခြေတန်ဖိုးငွေကျပ် သန်းပေါင်း ၇၁၀၀ အကုန်အကျခံကာ အဆင့်မြှင့်တင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✻






ကြေးမုံ

# သဘာဝအန္တရာယ်ကို ကြိုတင်ကာကွယ်

ကျွန်ုပ်တို့မှီတင်းနေထိုင်ရာ ကမ္ဘာကြီးသည် ကြီးမားခိုင်ခံ့သောထုထည် ပမာဏကြီးမားသည့် အစိုင်အခဲကြီးမဟုတ်ပေ။ ဥပမာဆိုလျှင် အနှစ်၊ အကာ၊ အရည်၊ လေတို့ကို ဖုံးအုပ်ထားသောအခွံမာသည့် ကြက်ဥတစ်လုံးနှင့် တူသော မြေသားကမ္ဘာပေါ်တွင်တည်ရှိနေခြင်းဖြစ်သည်။ မြေထု၊ ကျောက်ထု၊ ရေထု၊ လေထု၊ ချော်ရည်ထု အထပ်ထပ်တို့အပေါ်တွင် တည်ရှိနေသည်။

မြေထုအောက်ရှိကျောက်သားလွှာထု၏ ပြတ်ရွေ့ကြောင်းများသည် ကုန်းမြေမြင့်တက်ခြင်း၊ နိမ့်ကျခြင်းနှင့် တောင်ပြိုလှုပ်ရှားမှုကြီးများကြောင့် ဖြစ်ပေါ်လာသော အပေါ်ယံဘူမိအခြင်းအရာနှင့် လေနာသည်နှင့် တူသော အတွင်းပိုင်းအရာများ တွန်းကန်လှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်လာသော ဘူမိအခြင်းအရာတို့သည် မြေငလျင်လှုပ်ခြင်းဖြစ်လာသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အပေါ်ယံမြေကမ္ဘာသည် အေးဆေးတည်ငြိမ်နေသည်မဟုတ်၊ အချိန်မရွေး လှုပ်ရှားရိုက်ခတ်မှုဖြစ်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

မြန်မာ့မြေအောက်တွင်ရှိသည့် ပြတ်ရွေ့ကြောင်းများသည် တောင်နှင့် မြောက် တန်းနေကြသည်။ ထိုပြတ်ရွေ့ကြောင်းများ၏ လှုပ်ရှားတွန်းကန်မှုများကြောင့် ငလျင်လှုပ်မှုများဖြစ်ပေါ်နေသည်။ မှတ်တမ်းများအရ အင်အားကြီး၊ လတ်၊ ငယ် ငလျင်အကြိမ်ပေါင်းတစ်ထောင်ခန့်လှုပ်ခဲ့ပြီးဖြစ်ရာ ပြင်းထန်သော ငလျင် ၂၇ ကြိမ်လှုပ်ခဲ့ပြီး အင်အားအသင့်အတင့်နှင့် အင်အားအနည်းငယ်ရှိ ငလျင်အကြိမ်ပေါင်း ရာနှင့်ချီ၍လှုပ်ခဲ့ပြီးဖြစ်သည့် ငလျင်မှတ်တမ်းများရှိသည်။

မြို့ပြများတွင် ပြင်းထန်သောငလျင်လှုပ်ခဲ့ခြင်းကို ရှေးရှေးက စစ်ကိုင်း၊ ပဲခူး၊ ဖြူး၊ မန္တလေး၊ အမရပူရမြို့များတွင် ကြုံတွေ့ရပြီးဖြစ်သည်။ ကျန်မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းမြို့များတွင်မူ အင်အားအသင့်အတင့်နှင့် အနည်းငယ်သာရှိသည့် ငလျင်များလှုပ်ခတ်ခဲ့သည်။ အင်အားအသင့်အတင့် ရှိသည်ဆိုသော်လည်း ရှေးဟောင်းအဆောက်အအုံများမှာ အပျက်အစီး အနည်းအများရှိသည်။ ငလျင်လှုပ်မှုကြောင့် ရှေးဟောင်းယဉ်ကျေးမှု ဒြပ်ရှိပစ္စည်းများပျက်စီးမှုမှာ ဆုံးရှုံးမှုတန်ဖိုး ကြီးမားသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များပေါများရာဒေသမှာ ပုဂံ ယဉ်ကျေးမှုနယ်မြေဖြစ်သည်။ ပုဂံဒေသသည်လည်း ငလျင်ဘေးဒဏ်နှင့် အစဉ်အဆက်မလွတ်ကင်းခဲ့ချေ။ ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ပုဂံငလျင်မှာ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည်။ အင်အားအသင့်အတင့်ရှိသည်ဟုဆိုသော်လည်း အလွန်ပြင်းထန်လွန်းသဖြင့် ပုဂံရှေးဟောင်းအဆောက်အအုံ အားလုံးနီးပါး အနည်းနှင့်အများ ပျက်စီးခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးအရ ကြီးမားသောဆုံးရှုံးမှုဖြစ်သည်။ ယင်းကို အစိုးရနှင့် စေတနာရှင်များက ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်လှုပ်ခတ်ခဲ့ပြန်ရာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများအနက် စေတီ ၃၈၉ ဆူ ပျက်စီးခဲ့သည်။ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် စေတီပုထိုးများပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ငလျင်လှုပ်ပြီးပြီးချင်း အစိုးရ၊ ပြည်သူ၊ ပရဟိတအဖွဲ့များ၊ ယူနက်စကိုနှင့် ပြည်တွင်း၊ ပြည်ပပညာရှင်များက ပြုပြင်ခဲ့ကြသည်။ ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့်ကော်မတီနှင့် ကော်မတီအဖွဲ့အစည်းအဆင့်ဆင့်တို့က ယနေ့ထက်တိုင် ပြုပြင်ထိန်းသိမ်းမွမ်းမံလျက်ရှိသည်။

သို့ဖြစ်ရာ ကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တန်ဖိုးကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီး၊ မဆုံးရှုံးစေရေးအတွက် ထပ်မံဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုပါ ထည့်သွင်းတွက်ချက်၍ ကြိုတင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ

(ရန်ကုန်အနောက်ပိုင်းခရိုင်)

၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ(၃၊၄)ရက်၊ (အင်္ဂါ ၊ ဗုဒ္ဓဟူး)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အလုံမြို့နယ်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဒီဇင်ဘာ ၂၀ ရက်မှစတင်ကာ ငမိုးရိပ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရန် ရေပေးဝေသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

စပါးစိုက်တောင်သူများ နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရန် ဒီဇင်ဘာ ၂၀ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



**အင်တိုက်အားတိုက် ဆောင်ရွက်**

"ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ မြောင်းပေါင်ရှင်းလင်းခြင်းနှင့် တူးမြောင်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် ဒီဇင်ဘာ ၂၀ ရက်မှာ ငမိုးရိပ်ရေလှောင်တမံကနေ စိုက်ပျိုးရေပေးဝေတော့မှာဖြစ်တဲ့အတွက် တောင်သူလယ်သမားကြီးများအနေနဲ့လည်း ယခုကတည်းက မြေပြင်ထားကြဖို့ ကြိုတင်မှာကြားနှိုးဆော်ချင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

ထိုသို့ ငမိုးရိပ်ဆည်မှ နွေစပါးအတွက် ရေပေးဝေရာတွင် ငမိုးရိပ်တူးမြောင်းမကြီး အလျား ၁၅ မိုင်၊ လက်ဝဲတူးမြောင်း အလျား ၂၃ မိုင်၊ လက်ယာတူးမြောင်း အလျား ၁၇ မိုင်၊ လက်တံမြောင်းခွဲပေါင်း ၁၁၅ ခုတို့မှ ပေးဝေသွားမည်ဖြစ်သည်။

ထို့ပြင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှလည်း ဒီဇင်ဘာ ၂၀ ရက်တွင် ဆည်ရေစတင်ပေးဝေမည်ကို တောင်သူကြီးများအား နှိုးဆော်သည့် ဆိုင်းဘုတ်များ၊ တူးမြောင်းအလိုက် ဆည်ရေပေးဝေမည့် ဝန်ထမ်းများ၏အမည်နှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖုန်းနံပါတ်များ ဖော်ပြထားသည့် အသိပေးဆိုင်းဘုတ် စိုက်ထူခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ယခု ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် လည်း နွေစပါး ရေပေးရာသီအမီ တူးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် နွေစပါးအောင်ရေလုံလောက်စွာရရှိစေရေး၊ တောင်သူလယ်သမားများ နွေစပါးနှင့် အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ချုံနွယ်များ ရှင်းလင်းခြင်းကို ဌာနလုပ်သားများဖြင့် လည်းကောင်း၊ မြောင်းပေါင် ပြုပြင်ခြင်းလုပ်ငန်းများကို ဌာနစက်ယန္တရားများဖြင့် လည်းကောင်း၊ ရေပေးအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းကောင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နွေစပါးစိုက်ပျိုးချိန်အမီ ရေပေးဝေနိုင်ရန် ဒီဇင်ဘာ ၁၅ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆည်ရေဖြင့် နွေစပါးစိုက်ပျိုး**

အဆိုပါ ငမိုးရိပ်ဆည်ရေဖြင့် ယခင်နှစ်က နွေစပါး ၂၉၇၀၇ ဧက၊ အခြားသီးနှံ ၃၇၄၁ ဧက စုစုပေါင်း ၃၃၄၄၈ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်မြို့နယ်တို့တွင် နွေစပါးဧက ၃၀၀၀၀၊ အခြားသီးနှံဧက ၅၀၀၀ စုစုပေါင်းဧက ၃၅၀၀၀ စိုက်ပျိုးရန် လျာထားချက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံနှင့် အကူတမံများဖြစ်သော ပေါင်းလင်းတမံ၊ မဟူရာတမံ တမံသုံးခုတွင် စုစုပေါင်းရေ ၃၄၄၀၀၀ ဧကပေ သိုလှောင်နိုင်ခဲ့ပြီး ငမိုးရိပ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေပေးဝေခြင်းနှင့် ရန်ကုန်မြို့တော်သို့ သောက်သုံးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ကိုဇော်ဇော်

# ကလေးစာပေပွဲတော်(ရန်ကုန်အနောက်ပိုင်းခရိုင်) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်(ရန်ကုန်အနောက်ပိုင်းခရိုင်) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်(ရန်ကုန်အနောက်ပိုင်းခရိုင်)ကို ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ၊ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြော၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ စက္ကူခေါက်၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဓာတ်ပုံပြခန်း၊ အသိပညာပေးပြခန်းများ၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များပါဝင်ပြီး ကလေးစာပေပွဲတော် (ရန်ကုန်အနောက်ပိုင်းခရိုင်)သို့ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။**ဆိပ်ကမ်း(ပြန်/ဆက်)**

**ဓာတ်ပုံ-အောင်မြင့်**




ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့
INTERNATIONAL DAY OF PERSONS WITH DISABILITIES
“The Future is Accessible”
“အတားအဆီးကင်းစေရေးဖျော်မှန်းလို့ မသန်စွမ်းသူအစွမ်းအစရေးဖော်ဆောင်စို့”
နေပြည်တော်
၃-၁၂-၂၀၁၉

* ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အခမ်းအနား ယခုလို ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လက်ရှိအခြေအနေအား ပြည်သူကိုအသိပေးပြီး မပေါ့ဆရန် အသိပေးပြောကြားရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ဆောင်မှုများကို အသိပေးရှင်းလင်းတင်ပြရန်ဖြစ်ကြောင်း။

**အောင်မြင်နိုင်မည်**

ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “Communities make the difference” “အေအိုင်ဒီအက်စ်ရောဂါကင်းဝေးရေး လူထုအားလုံး ပါဝင်ပေး” ဆိုသည်နှင့်အညီ အိပ်ချ်အိုင်ဗွီကူးစက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၊ လူငယ်များ၊ လူထုကျန်းမာရေးလုပ်သားများ၊ လူထုအခြေပြုအဖွဲ့အစည်းများအပြင် ပြည်သူများပါဝင်ဆောင်ရွက်မှ လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများမပါဝင်လျှင်မည်သည့်ကျန်းမာရေးလုပ်ငန်းမှ ထိရောက်အောင်မြင်နိုင်မည် မဟုတ်ကြောင်း။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါသည် လူမှုရေး၊ စီးပွားရေးနှင့် နှီးနွှယ်သည့်အချက်အလက်အကြောင်းအရာများ၊ လူငယ်များ၏အသိအမြင်နှင့် ခံယူချက်၊ ပြည်သူများ၏ ရောဂါနှင့်ပတ်သက်သော အသိပညာဗဟုသုတများနှင့် များစွာဆက်စပ်နီးနွှယ်နေသောကြောင့် ကျွမ်းကျင်မှုနှင့် အတတ်ပညာဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း။

**စဉ်းစားသုံးသပ်လုပ်ဆောင်ရန် အရေးကြီး**

ဤရောဂါသည် လူမှုရေးနှင့် များစွာဆက်စပ်နေသောရောဂါ (social disease) တစ်မျိုးဖြစ်ကြောင်း၊ စီမံချက်မန်နေဂျာအပါအဝင် သက်ဆိုင်သူအားလုံးသိရှိရန် အထူးအရေးကြီးကြောင်း၊ ဒီနေ့လိုအခမ်းအနားပြီးစီးသွားပါက တစ်ဦးချင်း၊ NGO များ၊ INGO များ၊ ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ တစ်ဖွဲ့ချင်းစီက မိမိတို့ ဘာဆက်လုပ်သင့်သည်၊ ဘယ်လိုလုပ်သင့်သည်၊ မိမိတို့၏ခံယူချက်၊ အသိအမြင်မှန်မမှန်၊ မိမိတို့၏ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေများကို ဘာတွေပြောသင့်သည်၊ ပြောရမည်တို့ကို စဉ်းစားသုံးသပ်လုပ်ဆောင်ရန် အရေးကြီးကြောင်း။

ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်အနေဖြင့်လည်း မိမိတို့၏ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး ထူးခြားဆန်းသစ်သောအတွေးအခေါ်ဆောင်ရွက်မှုများ (Out of the box thinking၊ innovative thinking) ဖြင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးနှင့် ပြုစုကုသစောင့်ရှောက်ရေးလုပ်ငန်းများကို ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း {National Strategic Plan for HIV/AIDS(2016–20)} နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁–၂၀၂၅ အတွက်လည်း ရေးဆွဲလျက်ရှိကြောင်း။

**တိုးချဲ့ဆောင်ရွက်လျက်ရှိ**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အိပ်ချ်အိုင်ဗွီပညာပေးလုပ်ငန်း၊ အခမဲ့ကွန်ဒုံးဖြန့်ဝေပေးခြင်းလုပ်ငန်း၊ ကာလသားရောဂါ ရှိ/မရှိ စမ်းသပ်စစ်ဆေးပြီး ကုသပေးခြင်းလုပ်ငန်း၊ မူးယစ်ဆေးအကြောထဲထိုးသွင်းသူများကြား အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရမှုအန္တရာယ်လျှော့ချရေးလုပ်ငန်း၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရခြင်း ရှိ/မရှိ သွေးစစ်ဆေးခြင်းလုပ်ငန်း၊ မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုမှ ကာကွယ်ရေးလုပ်ငန်း(PMTCT)၊ အေအာတီဆေးဖြင့် ကုသခြင်း(Antiretroviral Therapy) လုပ်ငန်းများကို တစ်နိုင်ငံလုံးလွှမ်းခြုံမှုရရှိအောင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၁၈ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသူ ဦးရေ ၂၃၇၀၀၀ ခန့်ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်းမှာ သုည ဒသမ ၅၇ ရာခိုင်နှုန်းရှိကြောင်း ခန့်မှန်းတွက်ချက်မှုအရသိရှိရပါကြောင်း။

အလားတူ အိပ်ချ်အိုင်ဗွီရောဂါအသစ်ကူးစက်ခံရမှုသည် ၂၀၀၀ ပြည့်နှစ်တွင် ၂၉၀၀၀ ခန့်နှင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ၁၀၀၀၀ ကျော်အထိ ကျဆင်းလာခဲ့ပါကြောင်း၊ ရောဂါပိုးအသစ်ကူးစက်ခံရမှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်သည် မူးယစ်ဆေးထိုးသွင်းသူများ (PWID)၊ အမျိုးသမီးလိင်လုပ်သားများ(FSW)နှင့် အမျိုးသားချင်းလိင်တူဆက်ဆံသူများ(MSM)စသည့် အန္တရာယ်ရှိသော ဦးတည်အုပ်စုများအတွင်းဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ဦးတည်အုပ်စုများကို ဦးစားပေးအလေးထား၍ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အိပ်ချ်အိုင်ဗွီပိုးအသစ်ကူးစက်ခံရမှုသည် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖြစ်ပွားနေခြင်းမဟုတ်ဘဲ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အမြင့်မားဆုံးဖြစ်ကြောင်း ခန့်မှန်းတွက်ချက်မှုများအရ တွေ့ရှိရကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဗဟိုအဆင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

၂၀၁၅ ခုနှစ် အစတွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူ နှစ်သိန်းကျော်အနက် လူနာ ၈၅၀၀၀ ကျော်ကိုသာ ဘဝတစ်သက်တာသောက်ရမည့် အေအာတီဆေး (Lifelong ART)ဖြင့် ကုသမှုပေးနိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် လူနာပေါင်း ၁၇၅၀၀၀ ကျော် နှစ်ဆကျော်ထိ တိုးမြှင့်ကုသမှုပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

**လွှဲပြောင်းလက်ခံ ကုသပေးနေ**

၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ လူနာပေါင်း ၁၃၀၀၀၀ ကျော်ကို အစိုးရကျန်းမာရေးဌာနများတွင် ကုသမှုပေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၏ ဆေးခန်းများတွင် ကုသမှုခံယူနေသူများကိုလည်း တဖြည်းဖြည်း လွှဲပြောင်းလက်ခံရယူပြီး ကုသပေးနေပြီဖြစ်ကြောင်း။

အေအာတီဆေးတိုက်ကျွေးကုသခြင်း အိပ်ချ်အိုင်ဗွီကူးစက်နေသည့် လူနာများကို ဘဝအရည်အသွေးပြည့်ဝစွာဖြင့် နေနိုင်စေရုံသာမက အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားမှုကိုလည်း ကာကွယ်မှုပေးသည်ဆိုသည့်အချက်ကိုလည်း သိစေချင်ကြောင်း။

အေအာတီဆေးဖြင့် တိုးချဲ့ကုသပေးနိုင်မှုကြောင့် လူနာများသည် ပိုမိုအသက်ရှည်စွာနေနိုင်လာကြပြီး နောက်ဆက်တွဲပြဿနာအနေနှင့် သွေးတိုး၊ ဆီးချို စသည့် မကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားလာနိုင်ပြီး ရေရှည်၌ထည့်သွင်းစဉ်းစားရမည့် ကျန်းမာရေးပြဿနာတစ်ခုအဖြစ် တွေ့မြင်လာရကြောင်း။

**အန္တရာယ်ရှိသည့် အပြုအမူ**

အိပ်ချ်အိုင်ဗွီပိုးကူးစက်ဖြစ်ပွားမှု အခြေအနေနှင့် အန္တရာယ်ရှိသည့် အပြုအမူကျင့်သုံးမှုအခြေအနေများ ပုံမှန်ဆန်းစစ်ခြင်း(IBBS– 2017) စစ်တမ်းအရ မူးယစ်ဆေးအကြောထဲ ထိုးသွင်းသူပေါင်း ၉၃၀၀၀ ခန့်ရှိပြီး ၂၀၁၇ စစ်တမ်းအရ မူးယစ်ဆေးဝါး အကြောတွင်းထိုးသွင်းသူများတွင် အိပ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်း ၃၄ ဒသမ ၉ ရာခိုင်နှုန်းအထိရှိကြောင်း။

ကိုယ်ဝန်ဆောင်မိခင်များတွင် အိပ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်းသည် ၂၀၁၁ ခုနှစ်တွင် သုည ဒသမ ၈၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် သုည ဒသမ ၅၇ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းကျဆင်းလာသည်ကိုတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုလုံးဝကင်းစင်ပပျောက်သွားသည်အထိ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်းလည်း အသိပေးပြောကြားလိုကြောင်း။

**လုံးဝပပျောက်သွားစေရန်**

ယနေ့အခမ်းအနားတွင် အထူးမှာကြားလိုသည်မှာ အမျိုးသမီးလိင်လုပ်သားများ (FSW)နှင့် အမျိုးသားချင်းလိင်တူဆက်ဆံသူများ (MSM)၊ ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများအပါအဝင် ပြည်သူများကိုယ်တိုင် ဦးဆောင်ပြီး အားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ လုံးဝပပျောက်သွားစေရန်အတွက် လူတိုင်းအသိစိတ်ဓာတ်ရှိစွာဖြင့် ပြည်သူလူထုအားလုံး ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားခြင်း၊ UNAIDS အဖွဲ့မှ Country Director, Mr. Oussama Tawil က UNAIDS မှ ပေးပို့သော သဝဏ်လွှာအားဖတ်ကြားခြင်း၊ U.S Embassy မှ Deputy Chief of Mission, Deborah C. Lynn က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့နှင့်ပတ်သက်သော အမှာစကားပြောကြားခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေ ကိုယ်စားလှယ် Dr. Stephan Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးမှ ပေးပို့သော သဝဏ်လွှာအားဖတ်ကြားခြင်း၊ အိပ်ချ်အိုင်ဗွီရောဂါနှင့် နီးနွှယ်ခံစားနေရသော လူထုကိုယ်စား မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာဝင်းက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အိပ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွလှုပ်ရှားမှုထူးချွန်ဆုရ မြို့နယ်များအား လည်းကောင်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲများတွင် ထူးချွန်ဆုရ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား လည်းကောင်း၊ ပညာပေးပြခန်း အကောင်းဆုံးပြင်ဆင်နိုင်မှုဆုအား လည်းကောင်း ချီးမြှင့်ပေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက်ရောက်လာသော ဧည့်သည်တော်ကြီးများနှင့် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူး၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗွီနှင့်နေထိုင်နေသူများ၊ ဦးတည်အုပ်စုများဖြစ်သော အမျိုးသားချင်း လိင်တူချစ်သူများ၊ အမျိုးသမီးလိင်လုပ်သားများနှင့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူများအား အားပေးစကားများ ပြောကြားခဲ့သည်။

**ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအက်စ်ကျော်လှနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်(PR) ရရှိပြီးသူများနှင့် နိုင်ငံခြားသားအဖြစ်ခံယူထားသော မူလမြန်မာနိုင်ငံဖွား အထူးကုဆရာဝန်များနှင့် ဆရာဝန်များနှင့်ပတ်သက်သော ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်များ ဖြေလျှော့ပေးနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးကြသည်။

**ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး**

မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအက်စ်ကျော်လှက ပြည်ထောင်စုဝန်ကြီး လွှတ်တော်တွင် ဖြေကြားခဲ့သည့်အတိုင်း အမြဲနေထိုင်ခွင့်(PR) ရရှိပြီးသူများနှင့် နိုင်ငံခြားသားအဖြစ် ခံယူထားသော မူလမြန်မာနိုင်ငံဖွားဆရာဝန်များကို ဆေးကုသခွင့်လိုင်စင်များ ထုတ်ပေးရာတွင် ပြည်ထောင်စုဝန်ကြီး ပြည်သူ့လွှတ်တော်တွင် ရှင်းလင်းဖြေကြားထားသကဲ့သို့ ဖြေလျှော့မှုများကို ဆောင်ရွက်ပေးသွားရန် မိမိတို့ အလုပ်အမှုဆောင်အဖွဲ့က နိုဝင်ဘာ ၂၉ ရက်တွင် အစည်းအဝေးပြုလုပ်၍ သဘောတူဆုံးဖြတ်ထားပြီးဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုင်စင်ကြေးနှုန်းထား သတ်မှတ်ချက်များကို လျှော့ချ၍ ကောက်ခံသွားမည့်အပြင် ယခင်ကကဲ့သို့ တစ်ကြိမ်လျှင် သုံးလစာ စုပေါင်းသွင်းရခြင်းမျိုးမဟုတ်ဘဲ တစ်လချင်း လိုအပ်ချက်နှင့်အညီ ပေးသွင်းသွားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် မိမိတို့ ကောင်စီအနေဖြင့် လူနာဘေးကင်းလုံခြုံရေးနှင့် ပြည်သူများ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးဦးဆောင်သော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး၌ တွေ့ဆုံပြီး ပြည်တွင်း၊ ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDPစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို တွေ့ဆုံဆွေးနွေးကြသည်။



### တက်ရောက်

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့်အတူ UNDP၊ UN Habitat၊ UNICEF Myanmar၊ IOM၊ FAO၊ UNHCR၊ WFP၊ WHO၊ UN Women၊ UNOCHA၊ UNFPA၊ ICRC၊ MRCS၊ IFRC နှင့် INGO Forum တို့မှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီ လေးခုအနက် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ၂၀၁၆ ခုနှစ်မှစ၍ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားအဆင့်မဟာဗျူဟာကို ရေးဆွဲရန်ကြိုးပမ်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က တရားဝင် မိတ်ဆက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုမဟာဗျူဟာကို လုပ်ငန်းစဉ်များချမှတ်၍ IDP စခန်းများစနစ်တကျ ပိတ်သိမ်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### အရေးကြီးသည့် မူဘောင်တစ်ခုဖြစ်

၎င်းမဟာဗျူဟာသည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲထားသည့်အတွက် မိမိတို့နိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းစဉ်များ ရေးဆွဲပြီး IDP စခန်းများ ပိတ်သိမ်းနိုင်ရန် အရေးကြီးသည့်မူဘောင်တစ်ခုဖြစ်ပါကြောင်း၊ မဟာဗျူဟာတွင်ပါရှိသည့်အတိုင်း ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကော်မတီများ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ လုပ်ငန်းစီမံချက်များကို ဒေသအလိုက် ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အဆိုပါမဟာဗျူဟာကိုမရေးဆွဲမီနှင့် ရေးဆွဲနေစဉ်ကာလအတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများပိတ်သိမ်းရေးနှင့်ပတ်သက်၍ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ၎င်းမဟာဗျူဟာနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်ရှိ IDP စခန်းများ စနစ်တကျပိတ်သိမ်းနိုင်ရေးနှင့်ပတ်သက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် KHCC တို့နှင့် ညှိနှိုင်းဆောင်ရွက်နေသကဲ့သို့ သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကြက်ခြေနီလှုပ်ရှားမှုများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပိတ်သိမ်းရမည့်စခန်းများမှ ပြန်လည်နေရာချထားရမည့် ကျေးရွာများစာရင်းကို ပြုစုသကဲ့သို့ပြန်လည်နေရာချထားရေးလုပ်ငန်းတွင် အရေးပါသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းနှင့် မိုင်းအသိပညာပေးလုပ်ငန်းများကို တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

### ဆွေးနွေးခဲ့

မိုင်းအန္တရာယ်နှင့်ပတ်သက်၍ နိုဝင်ဘာ ၂၅၊ ၂၆ ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မိုင်းကင်းစင်ရေးပြန်လည်သုံးသပ်မှုဆိုင်ရာဝန်ကြီးအဆင့်ညီလာခံကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် တက်ရောက်ခဲ့ပြီး ရေရှည်တည်တံ့မည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်၏အရေးပါမှုများ၊ မိုင်းရှင်းလင်းရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆွေးနွေးခဲ့ရာ ယခုမဟာဗျူဟာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ကချင်ဒေသအတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများသည် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့် ကိုက်ညီသည့်အတွက် ဆက်လက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကြိုးပမ်းကြမည်ဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွှေ့ပြောင်းစီမံချက်များ ဆက်လက်ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ဦးဆောင်၍ သက်ဆိုင်ရာပြည်နယ်အလိုက်လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ဆွေးနွေးရာတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးမဟာဗျူဟာကို အစိုးရကဦးဆောင်ပြီး ပညာရှင် Prof. Walter Kaelin ၏ ကူညီပံ့ပိုးမှုဖြင့် ရေးဆွဲဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းအကြံပြုခွင့်ရခဲ့ပြီး မဟာဗျူဟာကို ဖြန့်ဝေနိုင်ခဲ့ပြီဖြစ်သည့်အတွက် ဂုဏ်ပြုပါကြောင်း၊ ရှေ့ဆက်၍ မဟာဗျူဟာနှင့်အညီ ဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင်လည်း ပူးပေါင်းပါဝင်ရန်အသင့်ရှိပါကြောင်း။

### အခွင့်အလမ်းအဖြစ်ဖန်တီးနိုင်မည်

လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကနဦး ရွှေ့ပြောင်းအကောင်အထည်ဖော်ဆောင်မည့်နေရာများ သတ်မှတ်ဆောင်ရွက်သွားမည်ကိုလည်း ကြိုဆိုပါကြောင်း၊ ကနဦး ဆောင်ရွက်မှုများမှတစ်ဆင့် ကြုံတွေ့ရသည့်အခက်အခဲများကို နောင်တွင်အခွင့်အလမ်းအဖြစ် ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်များရေးဆွဲရာတွင် စခန်းများရှိနေရပ်စွန့်ခွာသူများ၏ ပါဝင်မှုနှင့်ပတ်သက်၍ အမျိုးသမီးများနှင့် လူငယ်များ၏ အသံကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့များဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

**သတင်းစဉ်**



## ကန့်ဘလူတွင် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်

**ကန့်ဘလူ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ရာသီဥတုပြောင်းလဲမှုအပေါ် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို နိုဝင်ဘာလ တတိယပတ်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ပြောင်းလဲလာသည့် ရာသီဥတုအပေါ် ဒေသနှင့်ကိုက်ညီပြီး ရေလိုအပ်မှုနည်းသော သီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေး၊ သီးနှံတစ်မျိုးတည်း စိုက်ပျိုးသည့်စနစ်မှ သီးထပ်၊ သီးညှပ်၊ သီးကြို စိုက်ပျိုးသောစနစ်သို့ ပြောင်းလဲစိုက်ပျိုးရေး၊ နွေရာသီသီးနှံစိုက်ပျိုးရန် ရေပေးဝေနိုင်ခြင်းမရှိ၍ မတ်ပဲ၊ ကုလားပဲ၊ ရေလိုက်ကြဲစနစ် စိုက်ပျိုးရေးဆောင်ရွက်ရန် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးစည်းရုံးပြီး နည်းပညာပေးသင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းရွှေထံမှ သိရသည်။ ယင်းသင်တန်းသို့ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ စိုက်ပညာဝန်ထမ်း ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကော့ကရိတ်မြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

**ကော့ကရိတ် ဒီဇင်ဘာ ၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၉ နာရီက နဘူးတိုက်နယ်ရှိ နဘူးနှစ်ခြားကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များနှင့် နိုင်ငံပိုင်အဆောက်အဦများ မီးဘေးအန္တရာယ်ကင်းဝေးရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ မီးလောင်မှုအခြေခံသဘောတရားများနှင့်ပတ်သက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းလက်မှတ်များပေးခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ကော့ကရိတ်)**

## ပြင်ဦးလွင်မြို့နယ် သရက်ပင်ကျေးရွာတွင် အိမ်သုံးမီတာများ တပ်ဆင်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သရက်ပင်ကျေးရွာတွင် အိမ်သုံးမီတာများ တပ်ဆင်ပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာတွင်ကျင်းပသည်။

အခမ်းအနားတွင် ပြင်ဦးလွင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသိန်းထူး၊ ဦးသန်းစိုးလွင်နှင့် လိုင်းဝန်ထမ်းများက ပြင်ဦးလွင်မြို့နယ် သရက်ပင်ကျေးရွာအတွင်းရှိ နေအိမ်များတွင် အိမ်သုံးမီတာများ အလုံးအရင်းဖြင့် တပ်ဆင်ပေးခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လျှပ်စစ်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်-တောင်ငူရထားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့နံနက်ပိုင်းတွင် RBE ရထားဖြင့် ရန်ကုန် – မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့် (၁) ရန်ကုန်– တောင်ငူရထားလမ်းပိုင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဆွာဘူတာနှင့် ကုန်းကြီးဘူတာအကြား တံတားအမှတ်(၃၀၅) တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ငူဘူတာသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံမှာကြားသည်။ ထို့နောက် အုတ်တွင်းဘူတာရှိ လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများအား အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်မည့်အခြေအနေ၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သံလမ်းများရောက်ရှိမှု သံလမ်းဆက်ဝရိန်စက်များ ရောက်ရှိမည့်အခြေအနေနှင့် သံလမ်းဆက်များ ဆောင်ရွက်သွားမည့်အခြေအနေ၊ တံတားအောက်ခံမြေသားများအား စစ်ဆေးပြုပြင်ပြီး တံတားများတည်ဆောက်သွားမည့်အခြေအနေ၊ ယခင်လမ်းဟောင်းများမှ သံလမ်းများ ကွန်ကရစ်ဇလီဖားတုံးများ၊ တံတားပေါင်များအား ဖြုတ်သိမ်းပြီး စနစ်တကျထားရှိမှုအခြေအနေ၊ အချက်ပြစနစ်များ တည်ဆောက်ပြုပြင်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအား ကောင်းမွန်မြန်ဆန်စွာပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ တံတားများ တည်ဆောက်ရာတွင် ရေလမ်းကြောင်းကောင်းမွန်မှုကို ပျက်စီးမှုမရှိစေဘဲ ဆောင်ရွက်သွားကြရန်၊ နိုင်ငံခြားကုမ္ပဏီများနှင့်တွဲ၍ ဆောင်ရွက်လျက်ရှိသော မြန်မာကုမ္ပဏီများအနေဖြင့်လည်း မိမိကုမ္ပဏီအတွက်သာ အလုပ်လုပ်သည်ဟု သဘောမထားဘဲ မိမိတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရခြင်းကို ဂုဏ်ယူပြီး ကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖြူးချောင်းတံတား အမှတ်(၂၀၃)သို့ ရောက်ရှိလာပြီး တံတားအောက်ခံမြေသား ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေလမ်းကြောင်းပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တော်ဝိဘူတာနှင့် ညောင်ပင်သာဘူတာကြား မိုင်တိုင်အမှတ် (၉၅/၅-၆)တွင် အောက်ခံမြေသားပြုပြင်ရန် စက်ဖြင့်စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်ပုံကြီးဘူတာနှင့် ဘုရားကြီးဘူတာအကြားရှိ တံတားအမှတ် (၈၃)နှင့် (၇၉)တံတားများ ပြုပြင်နေမှုနှင့် ထုံးကြီးဘူတာအနီး CP–101 အပိုင်းမှ ရထားလမ်းများ ပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



## ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြု မသန်စွမ်းသူများ သီတင်းပတ် ခုနစ်ရက်တာလှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဦးဆောင်မှုဖြင့် မသန်စွမ်းသီတင်းပတ် ခုနစ်ရက်တာလှုပ်ရှားမှုအစီအစဉ်တစ်ခုဖြစ်သော လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် ကျင်းပရာ နေပြည်တော်ပရဆေးဥယျာဉ်ရှေ့မှ ရေပန်းဥယျာဉ်အမှတ် (၃) ဂိတ်အထိ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။ ယင်းနောက် ရေပန်းဥယျာဉ်ရှေ့တွင် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားသရုပ်ပြကကွက်များ လေ့ကျင့်ဆောင် ရွက်ကြသည်။

အဆိုပါလမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဦးဆောင်၍ နေပြည်တော်ကောင်စီဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မသန်စွမ်းအရေးကို တက်ကြွစွာဆောင်ရွက်နေသည့်အဖွဲ့အစည်းများဖြစ်သော UNICEF၊ World Vision၊ The Leprosy Mission Myanmar၊ Humanity & Inclusion၊ Help Age International၊ Myanmar Indepen-dent Living Initiative ကိုယ်စားပြု မသန်စွမ်းအဖွဲ့အစည်းများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ကလေးစာပေပွဲတော်(လေးမျက်နှာ)တွင် ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲမည်

**လေးမျက်နှာ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည့် ကလေးစာပေပွဲတော်ကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးစိုးငွေးထံမှ သိရသည်။

**မည်သူမဆို ပါဝင်ဆင်နွှဲနိုင်**

ကလေးစာပေပွဲတော်(လေးမျက်နှာ)ကို ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်တွင် ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ စကားပုံဆက်၊ အိမ်ဆောက်ကစားနည်းများ၊ Team Building ကစားနည်းများ၊ ထူးချွန်ထင်ရှား ဧရာဝတီသားများပြခန်း၊ မီးသတ်ပြခန်း၊ ပညာရေးပြခန်း၊ ရဲတပ်ဖွဲ့ပြခန်းနှင့် ဖျော်ဖြေပွဲများ၊ စာအုပ်အရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်



**သထုံ ဒီဇင်ဘာ ၁**

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သထုံခရိုင် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းကာ မီးငြိမ်းနိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ရေယာဉ်များဖြင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် သုဝဏ္ဏဈေးရှေ့၌ ကျင်းပရာ သထုံခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ဟောပြောသရုပ်ပြ လက်တွေ့ဆောင်ရွက်ကြသည်။

**နန္ဒကျော်စွာ**

**သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့**

# အတားအဆီးကင်းဝေး မသန်စွမ်းလူ့အခွင့်အရေး

ထက်ဝေအောင်(စစ်ကိုင်း)

နိုင်ငံတစ်နိုင်ငံ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါဆုံးသော အရင်းအမြစ်မှာ လူ့စွမ်းအား အရင်းအမြစ်ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်၊ စွမ်းဆောင်ရည်နှင့် တီထွင်ထုတ်လုပ်မှုသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြင့်တက်စေပါသည်။ ထိုကဲ့သို့ တန်ဖိုးရှိလှသော လူ့စွမ်းအားအရင်းအမြစ်တွင် မသန်စွမ်းသူများလည်း တန်းတူညီမျှ အချိုးကျပါဝင်လျက်ရှိပြီး မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေတွင် ''မွေးရာပါဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည်။'' ဟု ပါရှိပေသည်။

မသန်စွမ်းဖြစ်ရခြင်းကို လေ့လာဆန်းစစ်ကြည့်ပါက မွေးရာပါဖြစ်ပွားခြင်း၊ သဘာဝဘေး၊ စစ်ဘေး၊ မတော်တဆထိခိုက်ခြင်းတို့မှတစ်ဆင့် ဖြစ်ပွားကြရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ခန့်မှန်းချက်အရ လူဦးရေ၏ ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်ကြပြီး မသန်စွမ်းသူ ၆၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပေသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ မသန်စွမ်းဦးရေတည်ရှိမှုနှင့် ဆင်းရဲနွမ်းပါးမှုသည် ဆက်စပ်လျက်ရှိကြောင်း သုတေသီများက ဖွင့်ဆိုကြသည်။ မသန်စွမ်းသူနှင့် မိသားစုဝင်များ ဘဝတစ်လျှောက် အခက်အခဲမျိုးစုံ၊ အတားအဆီးမျိုးစုံ ကြုံဆုံခဲ့ရမှုများကို ဆန်းစစ်ကြည့်ပါက ပတ်ဝန်းကျင် အတားအဆီးမှာ လွန်စွာကြီးမားနေကြောင်း တွေ့ရှိရပါသည်။

### ကြီးမားသော အတားအဆီးတစ်ခုလည်းဖြစ်

မသန်စွမ်းသူများမှာ လူသားများဖြစ်ခြင်းကြောင့် ကောင်းမွန်သော စိတ်ခံစားချက်ဖြင့် အသက်ရှင်ရပ်တည်လိုကြသည်။ အဆိုးမြင် အထင်သေးသည့် အပြုအမူမျိုးကို နှစ်သက်လေ့မရှိသည်မှာ လူသားတစ်ယောက်၏ စိတ်ခံစားချက်သာ ဖြစ်ပါသည်။ လူ့စိတ်ကို တားဆီးပိတ်ပင်ခြင်းမှာ ခံရခက်သော စိတ်ဝေဒနာကို ဖြစ်ပေါ်စေသည်။ သန်စွမ်းသူပင်လျှင် စိတ်ကျရောဂါ ဝင်လာနိုင်သည်။ ခွဲခြားဆက်ဆံခြင်းသည် ကောင်းမွန်သောစိတ်ခံစားချက်မဟုတ်ဘဲ လူ့အခွင့်အရေးနှင့် အခြေခံစံသတ်မှတ်ချက်များကို ချိုးဖောက်သည့်ပမာ တူညီသည်။ မသန်စွမ်းသူများသည်မသန်သော်လည်းစွမ်းကြသည် ဟူသောစကားရပ် ရှိပါသည်။ မသန်စွမ်းသူတစ်ဦးချင်း အလိုက် ကိုယ်ရည်ကိုယ်သွေးအသီးသီးရှိကြသည်။ ယခင် အချိန်ကာလများက မသန်စွမ်းသူများအတွက် နေ့စဉ် လူနေမှုဘဝ အခက်အခဲ၊ အတားအဆီးများစွာ ရှိခဲ့သည်။ မသန်စွမ်းသူများ၏ အားနည်းချက်ကြောင့် မဟုတ်ဘဲ ပတ်ဝန်းကျင်တွင် တည်ရှိနေသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အတွေးအမြင်နှင့် လက်လှမ်းမီရယူသုံးစွဲခွင့်မရှိသော အတားအဆီးများစွာ တည်ရှိနေခဲ့သည်။ မသန်စွမ်းသူများအား ရုပ်ပိုင်း၊ စိတ်ပိုင်းခံစားမှု ချို့ယွင်းအားနည်းချက်ရှိသူများအဖြစ် လူမှုအသိုင်းအဝိုင်းတွင် သတ်မှတ်ထားကြသည်။ အဆိုပါအချက်မှာ မသန်စွမ်းသူများ ရင်ဆိုင်ကြုံတွေ့နေရသည့်ကြီးမားသော အတားအဆီးတစ်ခုလည်း ဖြစ်ပါသည်။

ယေဘုယျသဘောဖြင့်ကြည့်လျှင် မသန်စွမ်းသူများကို အားနည်းချက်ရှိသူများဟု သတ်မှတ်လျက် လူ့အလွှာအသီးသီးတွင် မသန်စွမ်းသူများကို အလုပ်အကိုင်နေရာပေးခြင်းမရှိဘဲ ခွဲခြားဆက်ဆံလာခဲ့ကြသည်။ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြားနယ်ပယ် အသီးသီးတွင် အခြားသူများနည်းတူ အသိအမှတ်ပြုရေးနှင့် သာတူညီမျှရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဘေးဖယ်ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခဲ့ကြသည်။ အကြောင်းရင်းမှာ မသန်စွမ်းသူများ၏ စိတ်သဘောကို နားလည်မှုမရှိခြင်း၊ လျစ်လျူရှုခြင်း၊ စိုးရိမ်ကြောက်လန့်မှုများဖြင့် အရိုးစွဲနားလည်မှုလွဲခဲ့ခြင်းသာ ဖြစ်ပါသည်။

### ခိုင်မာသောအုတ်မြစ်ဖြစ်

လူသားတိုင်း ဥပဒေဘောင်အတွင်းမှ ရသင့်ရထိုက်သည့် လူ့အခွင့်အရေး ပြည့်ပြည့်ဝဝ ရရှိခံစားလိုကြပေသည်။ လူထဲကလူ မသန်စွမ်းသူများမှာလည်း လူသားများပီပီ လူ့အခွင့်အရေးရသင့်ရထိုက်ပေသည်။ လက်တွေ့ဘဝပေးအခြေအနေတွင်မူ ပတ်ဝန်းကျင်၏ တားဆီးပိတ်ပင်မှုအမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရသူများ ဖြစ်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး ကံအကြောင်းတရား မတူညီမှုရှိသော်လည်း ကံမစွမ်း ဉာဏ်စွမ်းရှိပေသည်။ လောကဓံကို အနိုင်မခံ အရှုံးမပေးစိတ်ရှိသော မသန်စွမ်းသူများ၏ အားမာန်ကို ဂုဏ်ပြုကြိုဆိုကြရပါမည်။ အရှုံးမပေးလိုသည့်စိတ်ဓာတ်သည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်ပါသည်။

မသန်စွမ်းသူများ၏စိတ်များ ပိုမိုသန်စွမ်းကျန်းမာလာစေရန် လေ့ကျင့်ပေးကြရပါမည်။ အချို့သော မသန်စွမ်းသူများသည် စိတ်ဓာတ်အလွန်ကြံ့ခိုင်ကြပြီး သာလွန်ဖွဲ့နပဲဖြင့်လည်း ပြည့်စုံကြသူများဖြစ်သည်။ မိသားစုဘဝထူထောင်ခြင်း၊ ပညာသင်ကြားခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ ခံစားခွင့်ရရှိခြင်း အစရှိသည့် လူ့ဂုဏ်သိက္ခာရှိရှိ နေထိုင်ရပ်တည်ရေးအခန်းကဏ္ဍများမှာ မသန်စွမ်းသူများ၏ အဓိကလိုလားချက်များ ဖြစ်ပါသည်။ မျက်မှောက်ခေတ် မသန်စွမ်းသူများအရေးသည် သန်စွမ်းသူများအရေးကဲ့သို့ တစ်ပါတည်း လက်ခံနိုင်စွမ်းရှိလာကြသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးရရှိရေး ကုလသမဂ္ဂအပါအဝင် နိုင်ငံအသီးသီးက အာရုံစိုက်ကြိုးပမ်းလာခဲ့ပြီး မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ နိုင်ငံပေါင်း ၁၅၄ နိုင်ငံပါဝင်လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်တွင် မသန်စွမ်းသူများ၏ လူမှုစီးပွားအခွင့်အရေးများ ပါဝင်လာခဲ့သဖြင့် သာတူညီမျှ တစ်သားတည်းရပ်တည်နိုင်ခွင့်၊ လိုအပ်ချက်ကိုတောင်းဆိုနိုင်ခွင့်ဟူသော အားသာချက်များ ခံစားရရှိချိန်ဖြစ်ပါသည်။ တားဆီးပိတ်ပင်မှု အနည်းဆုံးအခြေအနေကို မသန်စွမ်းသူများအရေး ပါဝင်ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာများ လက်တွဲဖော်ဆောင်နိုင်သည့်အနေအထားနှင့် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာပြီဖြစ်သည်။

### အလေးထားဆောင်ရွက်ရန်အချက်များ ပါရှိ

မသန်စွမ်းမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးများတွင် ကြေညာထားသည့်ကတိကဝတ် ခုနစ်ချက်ပါ မူဝါဒပိုင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများပြုလုပ်ရေး၊ လူတိုင်းအကျုံးဝင်ပညာရေး၊ မသန်စွမ်းသူများ၏ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေးနှင့် လုပ်ငန်းခွင်အတွင်း သင့်လျော်သည့်ပတ်ဝန်းကျင် ဖန်တီးရေး၊ သတင်းအချက်အလက်နည်းပညာများ အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီ အသုံးပြုနိုင်ရေး၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်များချမှတ်ရေး၊ အရေးပေါ်အခြေအနေများတွင် မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးအလေးထား ဆောင်ရွက်ရန်အချက်များ ပါရှိပေသည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေး၊ တရားမျှတမှု၊ လူမှုစီးပွားဘဝ လူတန်းစေ့ရပ်တည်နိုင်ရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများအခွင့်အရေး ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ အလားတူပင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မသန်စွမ်းသူများအတွက် ရည်ရွယ်၍ မသန်စွမ်းသင်တန်းကျောင်း ရှစ်ကျောင်း ဖွင့်လှစ်လျက် မသန်စွမ်းသူများ၏ လိုအပ်ချက်အရပ်ရပ်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ မသန်စွမ်းသူများအုပ်စုတွင်ပါဝင်သည့် အမြင်အာရုံချို့ယွင်းသူများ လက်လှမ်းမီသိရှိနိုင်စေရန် မျက်မမြင်ပုံနှိပ်စာထုတ်ဝေခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့် အနှိပ်အကြောပြင်သင်တန်း၊ ကြိမ်ထိုးလက်မှုသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဂီတသင်တန်း၊ ဗေဒင်သင်တန်းများ၊ အကြားအာရုံချို့ယွင်းသူများအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိနိုင်စေရန် လက်သင်္ကေတပြသခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် ကွန်ပျူတာ ပန်းထိုးသင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းများ လက်သင်္ကေတပြ ကျွမ်းကျင်စကားပြန်များဖြင့် သင်တန်းများနှင့် ဘက်စုံဖွံ့ဖြိုးရေးလေ့ကျင့်သင်ကြားပေးသည့် အက၊ ပန်းချီ၊ ကိုယ်လက်လှုပ်ရှားအားကစားနည်းများကို စဉ်ဆက်မပြတ် ပို့ချပေးလျက်ရှိပါသည်။

ထို့အတူ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အတားအဆီးများတွင် နိုင်ငံရေးတွင် ပါဝင်ခွင့်ဆိုသည့် အခြေအနေတစ်ရပ်လည်း ပါဝင်သည်။ နိုင်ငံရေးတွင်ပါဝင်ခွင့်ရရှိရေးသည် စိတ်ပါဝင်စားသည့်နိုင်ငံသားတိုင်း၏ ရပိုင်ခွင့်ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများအတားအဆီးမဲ့စွာ ပါဝင်နိုင်ရေးအခန်းကဏ္ဍမှာ အရေးပါသည့် အခန်းကဏ္ဍဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် ပုဒ်မ ၃၂(က) တွင် ''နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်''ဟူ၍ ပြဋ္ဌာန်းထားရှိသဖြင့် မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံစိတ်ချမှုရရှိရေး ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းမှုအမျိုးအစားအလိုက် အထူးစောင့်ရှောက်မှုပေးကြရမည် ဖြစ်ပါသည်။

### ပိုမိုတိုးတက်ကောင်းမွန်ရန် လိုအပ်

ယနေ့မျက်မှောက်ခေတ်သည် မသန်စွမ်းသူများ၏ သန်စွမ်းကြံ့ခိုင်မှုကို မီးမောင်းထိုးပြနေချိန် ဖြစ်ပါသည်။ မသန်စွမ်းသူများ လူ့အသိုက်အဝန်းတွင် အတားအဆီး၊ အမှီအခိုကင်းကင်းဖြင့် နေထိုင်နိုင်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများ၏ လက်တွေ့ဘဝကို မြှင့်တင်ပေးလျက် လက်တွဲခေါ်ငင်ရာတွင် လူသားချင်းစာနာနားလည်မှု အတွေးအမြင်သစ်ဖြင့် ပွင့်လင်းမြင်သာ ချစ်ခင်စွာစောင့်ရှောက်နိုင်ရန် လိုအပ်လှပါသည်။ နေ့စဉ်ကျင်လည်နေရသည့် လူမှုနယ်ပယ်ရှိ ပြုပြင်ပြောင်းလဲ ပြေးဆွဲနေသည့် ဘတ်စ်ကားများတွင် မသန်စွမ်းသူများအသုံးပြုနိုင်သည့် ကျယ်ဝန်းသော အတက်၊ အဆင်း တံခါးပေါက်များ၊ ဘီးတပ်ကုလားထိုင်အသုံးပြုသူများအတွက် ဆင်ခြေလျှောအတက်၊ အဆင်းတံခါးပေါက်၊ လက်ကိုင်ကွင်းနှင့်တန်းများ၊ မသန်စွမ်းသူများအတွက် ထိုင်ခုံနေရာသတ်မှတ်ချက်၊ ကားမှတ်တိုင်တိကျစွာ ရပ်တန့်ပေးမှုနှင့် ယာဉ်မောင်းများ၏ဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်ရန် လိုအပ်လှသည်။ မသန်စွမ်းသူများ နေ့စဉ်ကြုံတွေ့နေရသည့် ရုပ်ဝတ္ထုအတားအဆီးများစွာကျော်ဖြတ်နိုင်ရန် သတင်း၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ အသိပေးကြေညာချက်များ ထုတ်ပြန်လျက် ဂရုတစိုက် ဖြေရှင်းပေးကြရပါမည်။

မသန်စွမ်းမှုသည် မွေးရာပါ သို့မဟုတ် မွေးပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့်ဖြစ်ရသည့် အခြေအနေတစ်ရပ်ဖြစ်ပါသည်။ လူ့အသိုင်းအဝိုင်းတွင် ချို့ယွင်းမှုနှင့်အတားအဆီး ပေါင်းစပ်ဆေးခြယ်လိုက်သဖြင့် မသန်စွမ်းရခြင်းဖြစ်ပါသည်။ မသန်စွမ်းမှုကို ခွဲခြားဆက်ဆံမှုမပြုဘဲ မသန်စွမ်းသူများစိတ်ဓာတ်တက်ကြွလျက် လူ့ဘောင်အသိုင်းအဝိုင်းကြားဝင်ဆံ့နိုင်ရေး မိသားစုနှင့် ပတ်ဝန်းကျင်က ကြည့်ရှုစောင့်ရှောက်ပေးရပါမည်။ ချို့ယွင်းမှုကို နားလည်လက်ခံပြီး အတားအဆီးများ ဖြေလျှော့နိုင်မည်ဆိုပါက မသန်စွမ်းမှု အခြေအနေများမှာလည်း မှေးမှိန်ကွယ်ပျောက်သွားခြင်း၊ မသန်စွမ်းသူများ လူ့အခွင့်အရေးမှန်သမျှ တန်းတူညီမျှရရှိခြင်း၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့ခြင်း အသီးအပွင့်များ ခံစားရရှိလျက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ စွမ်းရည်ပြည့်ဝ ရေရှည်တည်တံ့သော လူ့အသိုက်အဝန်းတစ်ခု ပီပြင်စွာ ထုဆစ်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်မျှော်လင့်စွာဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အတားအဆီးများတွင် နိုင်ငံရေးတွင် ပါဝင်ခွင့်ဆိုသည့် အခြေအနေတစ်ရပ်လည်း ပါဝင်သည်။ နိုင်ငံရေးတွင် ပါဝင်ခွင့်ရရှိရေးသည် စိတ်ပါဝင်စားသည့် နိုင်ငံသားတိုင်း၏ ရပိုင်ခွင့်ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ အတားအဆီးမဲ့စွာ ပါဝင်နိုင်ရေးအခန်းကဏ္ဍမှာ အရေးပါသည့် အခန်းကဏ္ဍဖြစ်**

## ချဉ်ပေါင်မျိုးစေ့ ဈေးကောင်းသောကြောင့် စီးပွားဖြစ်စိုက်ပျိုးမှုများလာ

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးလုပ်ကိုင်ကြသည့်တောင်သူများ ချဉ်ပေါင်မျိုးစေ့ဈေးကောင်းလာသည့်အတွက် ချဉ်ပေါင်ပင်စီးပွားဖြစ်စိုက်ပျိုးမှုများလာကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာ တောင်သူ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ပတ်ဝန်းကျင်ကျေးရွာများတွင် ချဉ်ပေါင်မျိုးစေ့ ဈေးကောင်းလာခြင်းနှင့် ချဉ်ပေါင်ရွက်အရောင်းအဝယ်များလာသောကြောင့် ချဉ်ပေါင်ပင်အား စီးပွားဖြစ်စိုက်ပျိုးမှုများလာကြောင်း၊ ဈေးကောင်းသည့် ချဉ်ပေါင်မျိုးဖြစ်သည့် ချဉ်ပေါင်ခါး၊ ချဉ်ပေါင်ဖြူ၊ ချဉ်ပေါင်လက်ခြား၊ ချဉ်ပေါင်နီဟူ၍ လေးမျိုးစိုက်ပျိုးကြကြောင်း၊ ချဉ်ပေါင်ခါး(ခေါ်) ချဉ်ပေါင်ကောင်း မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၈၀၀၀ ရောင်းချရပြီး ချဉ်ပေါင်နီမျိုးစေ့ တစ်ပြည်လျှင် ငွေကျပ် ၄၀၀၀၊ ချဉ်ပေါင်ဖြူ မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ နှင့် ချဉ်ပေါင်လက်ခြားတစ်ပြည် ကျပ် ၁၀၀၀၀ ဈေးရောင်းချရကြောင်း၊ ချဉ်ပေါင်ရွက်ပေါ်ချိန် တစ်ပိဿာငွေကျပ် ၅၀၀ မှ ငွေကျပ် ၁၂၀၀ အထိ ဈေးရရှိကြောင်း၊ ချဉ်ပေါင်သီးတစ်ပြည်(အခွံခွာပြီး) ငွေကျပ် ၄၅၀ ရောင်းချရကြောင်း သိရသည်။

ချဉ်ပေါင်ပင်စိုက်ပျိုးရာတွင် ကုန်ကျစရိတ်နည်းပါးခြင်းကြောင့် ချဉ်ပေါင်စိုက်ခင်းများ သီးသန့်စိုက်ကာ အရွက်များခူးရောင်းချခြင်းနှင့် ချဉ်ပေါင်သီးများရင့်မှည့်ချိန် မျိုးစေ့များ ပြန်လည်ရောင်းချရခြင်းများကြောင့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများတွင် ချဉ်ပေါင်အမျိုးမျိုး စိုက်ပျိုးမှုမြင့်တက်လျက်ရှိကြောင်း သိရသည်။

ကိုထိန်(ငါ့သရောက်)

# အနည်းဆုံးအခကြေးငွေ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

အနည်းဆုံးအခကြေးငွေ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ အနည်းဆုံးအခကြေးငွေ မူဝါဒဆိုင်ရာ လူမှုရေးဆွေးနွေးမှုလုပ်ငန်းစဉ်ကို ပိုမိုအားကောင်း ခိုင်မာလာစေရန်ဖြစ်ပြီး ပါဝင်ဆက်နွှယ်သူအားလုံး၏ သဘောထားအမြင်ကို ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း၊ အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၂၄ (ဃ) အရ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့် စပ်လျဉ်း၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ နှစ်နှစ်လျှင် တစ်ကြိမ် စိစစ်ပြီး ပြင်ဆင်သတ်မှတ်နိုင်ရေး အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်သင့်သည့်နှုန်းထားများကို အမျိုးသားကော်မတီထံ အကြံပြုတင်ပြရမည်ဖြစ်ကြောင်း။

အမျိုးသားကော်မတီအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများကို လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် အခြေခံသင့်သည့်အချက်များကို စစ်တမ်းကောက်ယူပြီး စိစစ်တွက်ချက်ခြင်း၊ ပြင်ဆင်သတ်မှတ်ရာတွင် အခြေခံသင့်သည့်အချက်များနှင့် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို လေ့လာပြီး သတ်မှတ်သင့်သည့်နှုန်းထားများကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ အကူအညီဖြင့် လေ့လာစိစစ်ကာ အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး အကြံပြုချက်များကို အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြရန် လမ်းညွှန်ခဲ့ပါကြောင်း။

**ထည့်သွင်းကောက်ယူ**

အနည်းဆုံး အခကြေးငွေ ပြင်ဆင်သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကောက်ယူနေသည့် ၂၀၁၉ ခုနှစ် ဒုတိယအကြိမ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းတွင် အိမ်ထောင်စုများနှင့် နေထိုင်စားသောက်စရိတ်ဆိုင်ရာအပိုင်းကို ထည့်သွင်းကောက်ယူခဲ့ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးရာတွင် ရေရှည်လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ အလုပ်သမားများအတွက် အခြေခံလိုအပ်ချက်များ ပြည့်မီစေရန် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သည့် နိုင်ငံ၏ ဂျီဒီပီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အားဖြစ်စေမည့် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး ဘက်ပေါင်းစုံက လွှမ်းခြုံစဉ်းစားပြီး ဆွေးနွေးပေးစေလိုကြောင်း၊ ထို့ပြင် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရန် နိုင်ငံတကာ အတွေ့အကြုံများနှင့်ချိန်ဆပြီး အစိုးရ၊ လွှတ်တော်၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် မြန်မာနိုင်ငံ၏ အနည်းဆုံးအခကြေးငွေကို ခေတ်နှင့်လျော်ညီအောင် မည်သို့သတ်မှတ်သင့်သည်ကို ပြန်လည်သုံးသပ်ပြီး ဝိုင်းဝန်းဆွေးနွေးအဖြေရှာမည်ဖြစ်သည့်အတွက် များစွာအကျိုးရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက အနည်းဆုံးအခကြေးငွေ အမြင်သဘောထား၊ ကုန်ထုတ်စွမ်းအားကို အကဲဖြတ်ခြင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်သည့် ပုံစံနှင့် မူဝါဒ ခေါင်းစဉ်များခွဲ၍ ဆွေးနွေးကြပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစဉ်များ ချမှတ်ကာ အလုပ်သမား ၁၅ ဦးနှင့်အထက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ မြန်မာတစ်နိုင်လုံး တစ်ပြေးညီ တစ်နာရီလျှင် ငွေကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ငွေကျပ် ၃၆၀၀ ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်သတ်မှတ်ခဲ့သည်။

**ပြင်ဆင်သတ်မှတ်ခဲ့**

သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ ပြန်လည်သုံးသပ်မှုများဆောင်ရွက်ရန် အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး အမျိုးသားကော်မတီက လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ အနည်းဆုံးအခကြေးငွေကို အလုပ်သမား ၁၀ ဦးနှင့်အထက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ မြန်မာတစ်နိုင်လုံးတစ်ပြေးညီ တစ်နာရီလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် တစ်ရက် ရှစ်နာရီအလုပ်ချိန်အတွက် ငွေကျပ် ၄၈၀၀ ကို ၂၀၁၈ ခုနှစ် မေ ၁၄ ရက်တွင် ပြင်ဆင်သတ်မှတ်ခဲ့သည်။

**သတင်းစဉ်**

## အမျိုးသားစာပေဆု ရရှိခဲ့သည့် ဆရာမ မသန်းသန်း(မန်းတက္ကသိုလ်)အား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ဆုတောင်းပြည့် မယ်လမုစေတီတော်ဂေါပကအဖွဲ့နှင့် အဘိဓမ္မာ ပြန့်ပွားရေးအသင်းတို့က ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ်အတွက် “လေးမြိုင် စာပေသတ္တိဖြင့် ရှင်သန်သူ” စာအုပ်ဖြင့် အမျိုးသားစာပေဆု (စာပဒေသာဆု) ရရှိခဲ့သည့် ဆရာမ မသန်းသန်း(မန်းတက္ကသိုလ်)အား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

အခမ်းအနားတွင် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသည့် မယ်လမုစေတီတော် အဘိဓမ္မာသင်တန်းမှူး ဆရာမ မသန်းသန်း(မန်းတက္ကသိုလ်)၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားပြီး အမျိုးသားစာပေ တစ်သက်တာဆုရှင် စာရေးဆရာကြီး ဦးလေးမြိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မယ်လမုစေတီတော်ဂေါပကအဖွဲ့နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးအုန်းမြင့်က ဆရာမ မသန်းသန်း(မန်းတက္ကသိုလ်)အား ဂုဏ်ပြုရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဂေါပကအဖွဲ့နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်းနာယက ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်း(စာရေးဆရာမောင်မျိုးထွန်း–မြင်းခြံ)နှင့် စာရေးဆရာမောင်ဟံသတို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ယင်းနောက် ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်းနှင့် တာဝန်ရှိသူများက ဆရာမ မသန်းသန်း(မန်းတက္ကသိုလ်)အား အဘိဓမ္မာပြန့်ပွားရေးအသင်းနှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်ဂေါပကအဖွဲ့တို့မှ ချီးမြှင့်သည့် ဂုဏ်ပြုလက်မှတ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အမျိုးသားစာပေဆုရှင် ဆရာမ မသန်းသန်း (မန်းတက္ကသိုလ်)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**သက်ရှိထင်ရှားရှိနေ**

၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆု (စာပဒေသာဆု) ရရှိခဲ့သည့် “လေးမြိုင် စာပေသတ္တိဖြင့် ရှင်သန်သူ” စာအုပ်သည် သက်ရှိထင်ရှားရှိနေသည့် အသက်(၉၆)နှစ်အရွယ် မော်ကွန်းတင်ထိုက်သူ အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး ဦးလေးမြိုင်၏ ထေရုပ္ပတ္တိ ဘဝအကြောင်းကို ရေးဖွဲ့ထားသော စာအုပ်ဖြစ်သည်။

ဆရာမ မသန်းသန်း(မန်းတက္ကသိုလ်)သည် စာရေးသက် နှစ်ပေါင်း ၄၀ ကျော်အတွင်း စာပေဗိမာန်ဆု သုံးဆု ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆု (စာပဒေသာဆု)သည် ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။ ဆရာမသည် လုံးချင်းစာအုပ် ၃၀ ကျော်နှင့် မဂ္ဂဇင်း၊ ဆောင်းပါး၊ ဝတ္ထုတိုအပုဒ်ပေါင်း ၃၀၀ ကျော် ရေးသားခဲ့ပြီး လက်ရှိအချိန်တွင် ဘာသာရေးစာအုပ်များ ရေးသားလျက်ရှိကြောင်း သိရသည်။



အမျိုးသားစာပေဆု(စာပဒေသာဆု) ကို ရရှိခဲ့သော ဆရာမ မသန်းသန်း (မန်းတက္ကသိုလ်)အား ဂေါပကအဖွဲ့နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်းနာယက ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်းက ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။

**သတင်းနှင့် ဓာတ်ပုံ–မင်းသစ်(MNA)**

## ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်း တရားဝင်ဆောင်ရွက်ရေး

(က) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေနှင့် ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းလုပ်ကိုင်လိုသော နိုင်ငံသားပိုင်ကုမ္ပဏီများအား ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

(ခ) ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရအေဂျင်စီစာရင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mol.gov. mm တွင်ဖော်ပြထားရှိပါသည်။

(ဂ) ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၃၅ အရ“မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မရှိဘဲ အလုပ်အကိုင်စုဆောင်းရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း သို့မဟုတ် အလုပ်သမားထံမှ အခကြေးငွေရယူဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်”ဟု ပြဋ္ဌာန်းထားပါသည်။

(ဃ) သို့ပါ၍ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာန၏ခွင့်ပြုချက်လိုင်စင်လျှောက်ထားရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

(င) ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်းကို ဥပဒေနှင့်အညီ လိုင်စင်လျှောက်ထားရယူခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်ပါက ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(စ) ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လုပ်ငန်းကို လိုင်စင်မရှိဘဲ တရားမဝင် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရှိပါက အထောက်အထားများနှင့်တကွ အောက်ဖော်ပြပါလိပ်စာသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

တိုင်ကြားရန်လိပ်စာ

- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၅၁)၊ နေပြည်တော်။
  ဖုန်းနံပါတ် – ၀၆၇၄၃၀၀၉၁၊ ၀၆၇–၄၃၀၄၉၆၊
  ဖက်စ်နံပါတ် – ၀၆၇ ၄၃၀၄၃၆
  အီးမေးလ်လိပ်စာ – localemploymentdivision@gmail.com
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ (၈/၁)နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်းနံပါတ် – ၀၁၆၆၇၆၄၄၊
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၊ မန္တလေးတိုင်းဒေသကြီး၊အကွက်(၁၆၈)၊ (၈၃)လမ်း၊ (၂၃x၂၄) လမ်းကြား၊ ပြည်ကြီးကျက်သရေအနောက်၊ အောင်မြေသာစံမြို့နယ်။
  ဖုန်းနံပါတ်– ၀၂ ၄၀၃၆၉၄၃၊ ၀၂ ၄၀၆၉၀၅၁၊

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

## ကဏ္ဍကြီး (၅) ရပ်နှင့် လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဒီဇင်ဘာ ၁**

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာဝင်းနှင့်အဖွဲ့က ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ နိုဝင်ဘာ စတုတ္ထပတ်တွင် ကဏ္ဍကြီး (၅) ရပ် စစ်ဆေးခြင်းနှင့် ဒုံဖိကျေးရွာ မြစိမ်းရောင်ကျေးရွာငွေစာရင်းများနှင့် လုပ်ငန်းများစစ်ဆေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၈၀ ဖြင့် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေးခြင်း၊ ကျေးရွာလူထုနှင့် တွေ့ဆုံ၍ VDP သဘောတရားများ၊ ကျေးရွာစိတ်ဓာတ်များ ရှင်းပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျေးရွာမှလည်း စီမံကိန်းမရမီ အခက်အခဲအခြေအနေနှင့် စီမံကိန်းရပြီး ပြောင်းလဲခဲ့မှုများ အကျိုးကျေးဇူးများကို ပြန်လည်ပြောပြခဲ့သည်။ ဆက်လက်၍ ဘုရားကုန်းကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ပြီးစီးမှုကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မိုးဟိန်း**

# ရှောင်မြို့နယ် တောကျယ်ကျေးရွာ ရေပြာအိုင်အဝင်လမ်း ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

**ရှောင် ဒီဇင်ဘာ ၁**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် မြင်းကျဒိုးကျေးရွာအုပ်စု တောကျယ်ကျေးရွာ ရေပြာအိုင်အဝင်လမ်း တစ်မိုင်တစ်ဖာလုံ ကတ္တရာလမ်းဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ကတ္တရာလမ်းအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်၊Robust Goal Group of Companies မှ ဒါရိုက်တာ ဦးသက်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တောကျယ်ရေပြာအိုင်အဝင်လမ်း ကတ္တရာလမ်းသစ် (၁/၁)မိုင် အကျယ် ၂၄ ပေရှိလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ Robust Goal Grouup of Companies (High Land Road Construction Co.Ltd.) မှ လူထုအကျိုးပြုလုပ်ငန်းအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်ကျငွေအားဖြင့် ငွေကျပ် ၁၈၅ ဒသမ ၅ သန်း ကုန်ကျခဲ့ပြီး ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၂၂၆ အိမ်၊ လူဦးရေ ၁၄၁၉ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ရှမ်းပြည်နယ်အတွင်း ကျေးလက်လမ်း ၁၁၁၆၂ ဒသမ ၄၅၉ မိုင် ဖောက်လုပ်ထားပြီး သုံးနှစ်အတွင်း လမ်း ၃၈၀ မိုင်နှင့် တံတား ၁၃၂ စင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်း ကျေးလက်လမ်းမိုင်ပေါင်း ၅၅၅၀၇ နှင့် တံတား ၂၄၁၈၃ စင်းကို တာဝန်ယူစီမံခန့်ခွဲလျက်ရှိပြီး လမ်းတံတားအသစ် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာခရိုင်ပေါင်းစုံ ရိုးရာခြင်းခတ်ပြိုင်ပွဲကျင်းပ၊ ပြင်ဦးလွင်ခရိုင်အသင်း အနိုင်ရ

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အခြေခံပညာခရိုင်ပေါင်းစုံ မြန်မာ့ရိုးရာခြင်းလုံးဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် ညနေပိုင်းက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အထက်မြန်မာပြည် တာဝန်ခံ၊ တိုင်းဒေသကြီး ပညာရေးမှ တာဝန်ရှိသူများ၊ တိုင်းအား/ကာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အသင်းအုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ရိုးရာအမှတ်ခတ်ပြိုင်ပွဲ၏ တက်သစ်စအားကစားသမားဆုရ ကျောက်ဆည်ခရိုင်မှ ဝသန်မြင့်မိုရ်ဦးအား ခြင်းလုံးအဖွဲ့ချုပ်အမှုဆောင် ဦးဌေးလှိုင်ကလည်းကောင်း၊အကောင်းဆုံးအားကစားသမားဆုရ မန္တလေးခရိုင်မှ အေးချမ်းအောင်အား အဖွဲ့ချုပ်အမှုဆောင် အထက်မြန်မာပြည် တာဝန်ခံ ဦးကျော်သိန်းက လည်းကောင်း ထူးချွန်ဆုဖလားနှင့် ဆုငွေကျပ် ငါးသောင်းစီတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နှစ်သိမ့်ဆု(၁)ရ ရမည်းသင်းခရိုင်အသင်းအား ဆုငွေကျပ် တစ်သိန်းကို ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဒေါ်ခင်မာနှင်းက လည်းကောင်း၊ နှစ်သိမ့်ဆု(၂)ရ ကျောက်ဆည်ခရိုင်အသင်းအား ဆုငွေကျပ် တစ်သိန်းကို အဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်မြင့်ဦးကလည်းကောင်း၊ နှစ်သိမ့်ဆု(၃)ရ မိတ္ထီလာခရိုင်အသင်းအား ဒုတိယဥက္ကဋ္ဌ ဦးဌေးဝင်းက လည်းကောင်း ဆုငွေကျပ် တစ်သိန်းစီကို အသီးသီးချီးမြှင့်ကြသည်။



ထို့နောက် တတိယဆုရ မြင်းခြံခရိုင်အသင်းအား ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်က တစ်ဦးချင်းဆုများ၊ တတိယဆုဖလားနှင့် ဆုငွေကျပ်နှစ်သိန်း ချီးမြှင့်ပြီး ဒုတိယဆုရ မန္တလေးခရိုင်အသင်းအား တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က တစ်ဦးချင်းဆုများ၊ ဒုတိယဆုဖလားနှင့် ဆုငွေကျပ် သုံးသိန်းကိုပေးအပ်ချီးမြှင့်ကာ ပထမဆုရ ပြင်ဦးလွင်ခရိုင်အသင်းအား တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က တစ်ဦးချင်းဆုများနှင့် ဆုငွေကျပ် ငါးသိန်းကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

# (၆၁)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် MyanShwePyi Group (MSP CAT) တို့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအားကစားအဖွဲ့ချုပ် (MCF) မှ (၆၁) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပါဝင်ဆင်နွှဲနိုင်မည်**

ယခုနှစ်ပြိုင်ပွဲအား နေပြည်တော်နှင့်မန္တလေးမြို့များတွင် ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင်စက်ဘီးအားကစားသမားများ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် စက်ဘီးစီးအားကစား ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲအား မြန်မာနိုင်ငံသားများအားလုံး ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပါဝင်**

မြန်မာနိုင်ငံစက်ဘီးအားကစားအဖွဲ့ချုပ် (MCF) မှပြိုင်ပွဲအမျိုးအစားများအလိုက် ပြိုင်ပွဲပြုလုပ်မည့် ပြိုင်ပွဲအမျိုးအစားများတွင် BMX အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ တစ်ဦးချင်းစံချိန်ပြုပြိုင်ပွဲ (Road Race) နှင့် ကွင်းပတ်စက်ဘီးစီး (Criterium) ပြိုင်ပွဲ၊ အသင်းလိုက်စံချိန်ပြုပြိုင်ပွဲ (Road Race)၊ တာဝေးစက်ဘီးပြိုင်ပွဲ၊ Downhill စက်ဘီးပြိုင်ပွဲ၊ Cross Country စက်ဘီးပြိုင်ပွဲတို့ပါဝင်သည်။

မြင့်မောင်

# စက်ဘီးစီးသူ ၁၀၀၀ ကျော်ဖြင့် မုံရွာမြို့လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁**

ဒီဇင်ဘာလထဲတွင် သုံးပတ်ကြာ တနင်္ဂနွေနေ့တိုင်း ကျင်းပမည့် မုံရွာမြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို စက်ဘီးစီးသူ တစ်ထောင်ကျော်ဖြင့် ဒီဇင်ဘာ ၁ ရက် နံနက်က ကျင်းပခဲ့သည်။

"အခါတိုင်းနှစ်ထက် လူထုစိတ်ဝင်စားတာများလာတယ်။ အရင်နှစ်တွေက ၈၀၀ လောက်ရှိတယ်။ စက်ဘီးအမျိုးအစားမခွဲဘူး။ ကြိုက်တဲ့စက်ဘီး စီးလာလို့ရတယ်။



ကောက်ညှင်းပေါင်းအလှူရှင်တွေ၊ ကော်ဖီအလှူရှင်တွေရှိလာပြီး စနစ်ပိုကျလာတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင် က ပြောသည်။

**စီးနင်း**

လူထုစက်ဘီးစီးနင်းပွဲကို မုံရွာမြို့ ပြည်သူ့အားကစားကွင်းမှ မြောက်ဘက် ကျွဲရဲအဝိုင်း၊ ကျွဲရဲအဝိုင်းမှ တောင်သို့ ကမ်းနားလမ်းအတိုင်း မြို့ပတ်လမ်းအထိ၊ မြို့ပတ်လမ်းမှ ဗိုလ်ချုပ်လမ်းအတိုင်း မြောက်သို့ ပြည်သူ့အားကစားကွင်းအထိ သုံးမိုင်ကျော်ကို ၁ နာရီ ၁၅ မိနစ်ကြာ စီးနင်းကြခြင်းဖြစ်သည်။

"စက်ဘီးစီးနေတာ တစ်လလောက်ရှိပြီ။ စက်ဘီးစီးရတာ ကျန်းမာရေးကောင်းတယ်။ သက်လုံလည်းကောင်းတယ်။ အားကစားကို အချိန်မရလို့ မလုပ်ဖြစ်ဘူး။ လွန်ခဲ့တဲ့တစ်လလောက်ကစပြီး ကျန်းမာရေးကောင်းအောင်ဆိုပြီး စက်ဘီးဝယ်စီးနေတာပါ။ အခုလို စက်ဘီးစီးပွဲတွေ မကြာမကြာ လုပ်ပေးစေချင်တယ်"ဟု ဝန်ကြီးချုပ်က ပေးအပ်သည့် စက်ဘီးကံထူးသူ မုံရွာတောင်ညောင်ရိပ်သာရပ်နေ ကိုရဲလင်းထွန်းက ပြောသည်။

ပါဝင်စီးနင်းသူတိုင်း၏ စက်ဘီးဘောင်များတွင် ကံစမ်းမဲနံပါတ် သုံးလုံးကို ကပ်ပေးလိုက်ပြီး စက်ဘီးအားလုံး ပန်းဝင်လာအပြီးတွင် ကံစမ်းမဲနံပါတ်များကို နှိုက်ကာ စက်ဘီးများ ချီးမြှင့်ပေးအပ်ခဲ့သည်။

" ကံစမ်းမဲက ၇၀၀ လုပ်တာပါ။ လာစီးကြတဲ့သူက ၁၀၀၀ ကျော်မယ်။ အရင်နှစ်တွေထက် အခုစက်ဘီးစီးသူများလာတယ်။ အရင်နှစ်တွေက လူ ၄၀၀ လောက်ရှိရာက အခုအတော်များပါတယ်။ မနှစ်ကလိုပဲ လွတ်လပ်ရေးနေ့မှာ စက်ဘီးစီးပြိုင်ပွဲ လုပ်ဖို့ရှိပါတယ်။ မုံရွာမြို့လူငယ်တွေ စည်းစည်းလုံးလုံးနဲ့ စုပေါင်းလုပ်ကြတဲ့ ပွဲဖြစ်ပါတယ်"ဟု စုပေါင်းစက်ဘီးစီးနင်းပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင် ကိုဝင်းနိုင်ဦးက ပြောသည်။

**ဆွတ်ခူးရရှိ**

စက်ဘီးစီးနင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ပေးအပ်သည့် စက်ဘီးကို မုံရွာတောင်ရပ်နေ ကိုရဲလင်းထွန်းက လည်းကောင်း၊ စစ်ကိုင်းတိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းပေးအပ်သည့် စက်ဘီးကို ချမ်းမြသာစည်ရပ်နေ မောင်အာကာမင်းပြည့်ဖြိုးက လည်းကောင်း၊ သိန်းလင်းစက်ဘီးဆိုင်ကိုယ်စား ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခြူးခြူးပေးအပ်သော စက်ဘီးကို ဆူးလေကုန်းရပ်နေ မောင်ဇင်မင်းသန့်တို့ကလည်းကောင်း ဆွတ်ခူးရရှိကြသည်။

မုံရွာမြို့လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၁ ရက်အပါအဝင် ဒီဇင်ဘာ ၁၅ ရက်နှင့် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကာ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် သိန်းလင်းစက်ဘီးဆိုင်တို့က စက်ဘီးသုံးစီးကို အပတ်စဉ်ကံထူးသူများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

○ ကျောဖုံးမှ

မိဘမဲ့ကျောင်း အစရှိတဲ့ အကူအညီလိုအပ်တဲ့နေရာတွေကို လှူဒါန်းသွားမှာပါ။"

"နေပြည်တော်မှာ ပွဲတော်ကျင်းပခွင့်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ နေပြည်တော်မှာ ဒီလိုပွဲမျိုးလုပ်ဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး။ ခွင့်ပြုပေးတဲ့အတွက် ကျေနပ်ပီတိဖြစ်မိပါတယ်။ နိုင်ငံတကာက ဆိုင်ကယ်စီးကလပ်တွေကို ဖိတ်ခေါ်ပြီး ကျင်းပပေးနိုင်မယ်ဆိုရင် နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေတွေ ရရှိလာမယ်ထင်တယ်။ နောက်နှစ်တွေမှာလည်း အခုလိုပွဲမျိုး စီစဉ်ကျင်းပခွင့်ပေးဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

1st Nay Pyi Taw Bike Week (2019)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ရေပန်းဥယျာဉ်အဝင်မုခ်ဦး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များက ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး နိုင်ငံတစ်ဝန်းလုံးမှ အပျော်တမ်း ဆိုင်ကယ်စီးနင်းကြသူများက ရေပန်းဥယျာဉ်မုခ်ဦးဝမှ စတင်ကာ ဇမ္ဗူသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်း ဆိုင်ကယ်များကို လှည့်လည်စီးနင်းကြပြီး နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ပြန်လည်ဝင်ရောက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပွဲတော်တွင် မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် ပစ္စည်းများ ရောင်းချခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချခြင်း၊ ဈေးနှုန်းချိုသာသည့် အစားအစာများ ရောင်းချခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကို နံနက်ပိုင်းမှ ညပိုင်းထိ ကျင်းပခဲ့သည်။

**သတင်း-ဟန်လင်းနိုင်**
**ဓာတ်ပုံ-စိုးဝင်းထွန်း**


နိုဝင်ဘာ ၃၀ ရက်က 1st Nay Pyi Taw Bike Week (2019)ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ Arnis အဖွဲ့ ငွေနှစ်ခု၊ ကြေးခြောက်ခုနှင့် နပန်း ကြေးတစ်ခု ဆွတ်ခူး

**မနီလာ ဒီဇင်ဘာ ၁**

အကြိမ် (၃၀) မြောက် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ၏ Arnis ပြိုင်ပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ကလာ့ခ်မြို့၌ကျင်းပရာ မြန်မာအသင်း ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ခြောက်ခု စတင်ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် ကြိမ်တုတ် (LiveStick) ပြိုင်ပွဲများသာ ကျင်းပခဲ့ပြီး ဝိတ်တန်းရှစ်ခုစလုံးတွင် မြန်မာကစားသမားများ ဆုတံဆိပ်ရယူနိုင်ခဲ့သည်။ မြန်မာ Arnis အဖွဲ့ ဆွတ်ခူးရရှိသည့် ဆုတံဆိပ်များအနက် ငွေတံဆိပ်နှစ်ခုကို အမျိုးသားကြိမ်တုတ် အတိုက် (၅၅) ကီလိုအောက်ပြိုင်ပွဲတွင် စိုးပိုင်၊ အမျိုးသမီးကြိမ်တုတ် အတိုက် (+၆၀/၆၅) ကီလိုတန်းတွင် သက်ဝေဦးတို့က ရရှိခဲ့သည်။ ကြေးတံဆိပ်ခြောက်ခုကိုမူ အမျိုးသားကြိမ်တုတ် အတိုက်(+၅၅/၆၀) ကီလိုတန်းတွင် ဝင်းသက်ပိုင်၊ (+၆၀/၆၅) ကီလိုတန်းတွင် သက်နိုင်ဦး၊ (၆၅/၇၀) ကီလိုတန်းတွင် ဇန်လျှန်ခေါလ်၊ အမျိုးသမီးကြိမ်တုတ် အတိုက် (၅၅) ကီလိုအောက်တွင် သန္တာခိုင်၊ (+၅၀/၅၅) ကီလိုတန်းတွင် လှနွယ်အေး၊ (+၅၅/၆၀) ကီလိုတန်းတွင် မိုးမိုးအေးတို့က ဆွတ်ခူးရယူပေးခဲ့သည်။

မြန်မာ Arnis အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ပြီးနောက်ပိုင်း နှစ်ပေါင်း ၃၀ နီးပါး တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲဒုတိယနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ အခြားအားကစားနည်းများဖြစ်ကြသည့် နပန်းပြိုင်ပွဲ ကီလို (၉၀)အထက် အားကစားပြိုင်ပွဲတွင် မြန်မာမှ မြင့်ဇင် ဝင်ရောက်ယှဉ်ပြိုင်ရာ ကြေးတံဆိပ် တစ်ခုရရှိခဲ့ပြီး အလေးမအားကစားနည်းမှ (၄၅)ကီလိုတန်းပြိုင်ပွဲတွင် အမျိုးသမီးပွဲစဉ်အဖြစ် ဇင်မေဦး ဝင်ရောက်ယှဉ်ပြိုင်ရာ အဆင့်(၅)၊ အမျိုးသားပွဲစဉ်အဖြစ် ပြည့်ဖြိုး ဝင်ရောက်ယှဉ်ပြိုင်ရာ အဆင့်(၄) နေရာ ရရှိခဲ့ကြသည်။

**ရှိုင်းထက်ဇော်၊ အား/ကာ**

## မြန်မာ ယူ-၂၂ အသင်း၏ ဆီမီးတက်ရေး အဆုံးအဖြတ်ပွဲ ယနေ့ ကစားမည်

**မနီလာ ဒီဇင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၁၉ ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရေး အဆုံးအဖြတ်ပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု (က) စတုတ္ထနေ့ကို တစ်ချိန်တည်းကစားမည်ဖြစ်ပြီး ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဘီနန်ကွင်း၌ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ရီဇယ်လ်ကွင်း၌ မလေးရှားအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရမှတ်ရရှိမှုအနေအထားအရ မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် အနိမ့်ဆုံး သရေကစားနိုင်ရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်မည်ဖြစ်ပြီး အနိုင်ရပါက အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ နိုဝင်ဘာ ၂၉ ရက် ပွဲအပြီးရပ်တည်မှုအရ မြန်မာအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲ ကစား လေးမှတ်၊ မလေးရှားအသင်းက နှစ်ပွဲကစား တစ်မှတ်ရထားပြီး တီမောအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ တတိယနေ့ပွဲတွင် မလေးရှားအသင်းသည် ဖိလစ်ပိုင်ကို အရေးနိမ့်ခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် ကမ္ဘောဒီးယားကို သရေကစားနိုင်ရုံနှင့် နောက်တစ်ဆင့်တက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် သုံးပွဲတွင် ခုနစ်မှတ်အထိ ရယူနိုင်ခဲ့သော်လည်း အသင်းလိုက်ကစားပုံနှင့် ခံစစ်ကစားပုံတို့မှာ လိုအပ်ချက်များ ရှိနေသောကြောင့် ခြေစွမ်းကောင်းမွန်သည့် ကမ္ဘောဒီးယားအသင်းနှင့် နောက်ဆုံးပွဲအတွက် ပြင်ဆင်မှုများ ပိုမိုပြုလုပ်ရမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်က ''ကမ္ဘောဒီးယားနဲ့ အဆုံးအဖြတ်ပွဲမှာ ရလဒ်ကောင်းဖို့ ပြင်ဆင်နေပါတယ်။ သုံးပွဲမှာ ခုနစ်မှတ်ရထားပေမယ့် အသင်းမှာ အားနည်းချက်တွေ ရှိသေးတယ်ဆိုတာ ဝန်ခံပါတယ်။ အားနည်းချက်တွေကိုလည်း ပြင်ဆင်နေပါတယ်။ ကမ္ဘောဒီးယားအသင်းနဲ့ပွဲမှာ အားနည်းချက်နည်းအောင် လုပ်ဆောင်သွားမှာပါ''ဟု ပြောသည်။

အုပ်စု (က) ပွဲစဉ်များမှာ ဒီဇင်ဘာ ၄ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ငါးသင်းပါဝင်သည့် အုပ်စုဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် လေးပွဲဆက်တိုက်ကစားခဲ့ရကာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရပါက အခြားအသင်းများထက် နားရက်ပိုရမည်ဖြစ်သည်။ အုပ်စု (ခ) ပွဲစဉ်များမှာ ဒီဇင်ဘာ ၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်သည့် ဆီးဂိမ်းဝူရှူးပြိုင်ပွဲ ပထမနေ့ စတင်ကျင်းပ

**မနီလာ ဒီဇင်ဘာ ၁**

၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းက မနီလာမြို့ရှိ World Trade Center ၌ ကျင်းပရာ မြန်မာဝူရှူးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် ထောက်လုပြိုင်ပွဲလေးမျိုးနှင့် ဆန်းဆို (အတိုက်) ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပခဲ့သည်။ နံနက်ပိုင်းတွင် ကျင်းပသည့် မြန်မာကစားသမား ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ် ရယူနိုင်ခြင်းမရှိခဲ့ပေ။ အမျိုးသားထိုက်ချီချွမ်ပြိုင်ပွဲတွင် မြန်မာကစားသမား ငြိမ်းချမ်းကိုကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၉ ဒသမ ၁၅ မှတ်ဖြင့် အဆင့် (၇) ရရှိခဲ့သည်။

အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲတွင် မြန်မာကစားသမား မြတ်နိုးအိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၉ ဒသမ ၃၁ မှတ်ဖြင့် အဆင့် (၉) သာရခဲ့ပြီး အိမ်ရှင်ဖိလစ်ပိုင်က ရွှေတံဆိပ်၊ ဘရူနိုင်းက ငွေတံဆိပ်နှင့် ဗီယက်နမ်က ကြေးတံဆိပ် ရရှိခဲ့သည်။ အမျိုးသား ချန်းချွမ်ပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ယှဉ်ပြိုင်ခဲ့ရာ မင်းခန့်ဇော်က ၉ ဒသမ ၃၃ မှတ်၊ မျိုးမင်းကြီးက ၈ ဒသမ ၉၆ မှတ်သာ ရရှိခဲ့သည်။ အမျိုးသား နန်းတောင်း+နန်းကွန့် ပြိုင်ပွဲ၏ ပထမပွဲစဉ်ဖြစ်သည့် နန်းတောင်းပြိုင်ပွဲတွင် မြန်မာကစားသမား သိန်းသန်းဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၉ ဒသမ ၆၁ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။ နန်းကွန့်ပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဝူရှူးပြိုင်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)**


အမျိုးသား ထိုက်ချီချွမ်ပြိုင်ပွဲတွင် ငြိမ်းချမ်းကိုကို ယှဉ်ပြိုင်နေစဉ်။

❖ အုပ်စုပထမနေရာမှ

ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ဖိလစ်ပိုင်နှင့် ဂိုးမရှိသရေကျထားသည့်အပြင် ဖိလစ်ပိုင်က မလေးရှားကို ငါးဂိုးပြတ် အနိုင်ရထားသောကြောင့် အုပ်စုပထမနေရာ ရယူနိုင်ရန် နောက်ဆုံးပွဲတွင် ခြောက်ဂိုးနှင့်အထက် ဂိုးပြတ်အနိုင်ရရန် လိုအပ်နေသည်။ အုပ်စု (ခ) တွင်လည်း ဗီယက်နမ်အသင်းက ထိုင်းနှင့် တစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရကာ ရမှတ်လေးမှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ကျန်တစ်နေရာစီအတွက် အုပ်စု (က) တွင် မြန်မာ၊ အုပ်စု (ခ) တွင် ထိုင်းအသင်းတို့ အခြေအနေကောင်းနေပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသလောက်ရှိနေသည်။

မြန်မာ အမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးက ''ဖိလစ်ပိုင်အသင်းနဲ့ သရေကျခဲ့ပေမယ့် ကျွန်တော်တို့ အသင်းရဲ့ ကစားပုံကို ကျေနပ်ပါတယ်။ မလေးရှားနဲ့ပွဲက အနိုင်ရလဒ်အပြင် ဂိုးပြတ်အနိုင်ရဖို့ပါ ကြိုးစားမှာပါ။ အုပ်စုပထမပဲရရ၊ ဒုတိယပဲရရ ဆီမီးဖိုင်နယ်မှာ ပွဲကျပ်ကစားရမှာဖြစ်ပေမယ့် အုပ်စုပထမနေရာနဲ့ပဲ ဆီမီးဖိုင်နယ် တက်ရောက်ချင်ပါတယ်။ အုပ်စုပထမနေရာရမယ်ဆိုရင် ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းကလည်း ဆီမီးပွဲအတွက် အမြင့်ဆုံးရောက်သွားမှာပါ'' ဟု ပြောသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - စိုးညွန့်(ခေတ္တ - မနီလာ)**


ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း။

❂ ပိုက်ကျော်ခြင်းမှ

ရွှေတံဆိပ်မျှော်မှန်းခဲ့သော်လည်း ကြေးဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ အမျိုးသမီးပြိုင်ပွဲအပြီးတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက ၆၇၀ မှတ်ဖြင့် ပထမ၊ အင်ဒိုနီးရှားအသင်းက ၆၆၀ မှတ်ဖြင့် ဒုတိယ၊ မြန်မာအသင်းက ၆၄၀ မှတ်ဖြင့် တတိယ ရခဲ့ပြီး လာအိုအသင်းမှာမူ ၄၂၀ မှတ်ဖြင့် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ပြိုင်ပွဲဝင်အသင်းများကို ပတ်လည်စနစ်ဖြင့် ကျင်းပကာ အမှတ်အများဆုံးရရှိမှုအပေါ်မူတည်၍ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး မိနစ် ၃၀ စီ ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲအစတွင် ရမှတ်များ ဆက်တိုက်ရယူနိုင်ခဲ့သော်လည်း လက်ကျန် ၁၄ မိနစ် နောက်ပိုင်းတွင် အမှတ်ရရှိမှု နည်းပါးခဲ့သောကြောင့် ရွှေတံဆိပ်ဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားပြိုင်ပွဲ လေးမျိုး ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်တစ်နိုင်ငံလျှင် နှစ်မျိုးသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲနှင့် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲသာ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသားအသင်းသည် ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် အုပ်စု (က) ၌ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ကျရောက်နေသည်။

မြန်မာအသင်းသည် အဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၂ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)**

# ဆောမြို့နယ် လေးကျေးရွာ၌ အရှည်ပေ ၂၀၀ ရှိ လူကူးကြိုးတံတားသစ်တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ဆော ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း(CDD) တတိယနှစ်စက်ဝန်း ထောက်ပံ့ရန်ပုံငွေဖြင့် လေးကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူကူးကြိုးတံတားသစ်တည်ဆောက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

လေးကျေးရွာသည် ယခင်က ချီချောင်းတစ်ဖက်ရှိ ကျောက်ထုမြို့သို့ သွားလာရာတွင် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့သော လူကူးကြိုးတံတားဖြင့် သွားလာခဲ့ရပြီး နှစ်ကာလကြာမြင့်ကာ ဖြတ်သန်းသွားလာရန် အန္တရာယ်ရှိသည့်အတွက် လူကူးကြိုးတံတားသစ်ဆောက်လုပ်ပေးရခြင်း ဖြစ်ကြောင်း၊ အဆိုပါလူကူးကြိုးတံတားသစ် အရှည်ပေ ၂၀၀၊ အကျယ်ခြောက်ပေ၊ အမြင့် ၂၂ ပေရှိကြောင်း၊ လက်ရှိ တွင် ကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းလင်းက ပြောကြားသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဂန့်ဂေါခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းအောင်၊ ဆောမြို့နယ်လူထုဗဟိုပြုစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာကော်မတီဝင်များနှင့်အတူ လူကူးကြိုးတံတားသစ်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လူကူးကြိုးတံတား တည်ဆောက်ပြီးစီးပါက လေးကျေးရွာအပါဝင် ဆောမြို့နယ်အတွင်းရှိ လက်ပန်းကျေးရွာ၊ ပဆုပ်ကျေးရွာ၊ ကံအိုးကျေးရွာ၊ မြောက်မကျင်းကျေးရွာများမှ ကျေးလက်နေပြည်သူများ ချီချောင်းတစ်ဖက်ကမ်းရှိ ကျောက်ထုမြို့နှင့် ဆောမြို့များသို့ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**သန်းလွင်(မကွေး)**






# မော်လမြိုင်ကျွန်း-ပုသိမ်လမ်းတွင် မြစ်ကူးတံတားသုံးစင်းတည်ဆောက်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီးလမ်းကွန်ရက်တွင် ပုသိမ်မြို့သို့ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ဝါးခယ်မ၊ အိမ်မဲနှင့် မြောင်းမြမြို့နယ်တို့မှ အချိန်တိုတိုဖြင့် အရောက်သွားလာနိုင်ရေးအတွက် အရေးပါသော မြစ်ကူးတံတားသုံးစင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) (ညောင်ဦး) က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

ယင်းဆက်သွယ်ရေးမြစ်ကူးတံတားကြီးများအနက် မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတား အရှည်ပေ ၂၄၆၀ နှင့် မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းပြဿဒ်မြစ်ကူးတံတား အရှည်ပေ ၂၃၆၀ တို့မှာ ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းတွင် တည်ဆောက်ပြီးစီးရန် လျာထားလျက်ရှိပြီး အိမ်မဲ-ဝါးခယ်မလမ်းပေါ်ရှိ ကျွန်းကုန်းတံတား အရှည် ၇၈၇ ပေရှိကာ ၂၀၂၁ ခုနှစ်အတွင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားများပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့မှ ပုသိမ်မြို့သို့လည်းကောင်း၊ ဝါးခယ်မမြို့မှ ပုသိမ်မြို့သို့လည်းကောင်း၊ မြောင်းမြမြို့မှ ပုသိမ်မြို့သို့လည်းကောင်း အချိန်တိုတိုဖြင့် သွားရောက်နိုင်ကြမည့်အပြင် ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့တို့မှ ခရီးသွားပြည်သူများလည်း မအူပင်-ပုသိမ် အဝေးပြေးလမ်းမကြီးမှ ပုသိမ်မြို့သို့ သွားရသည့်ခရီးထက် မော်လမြိုင်ကျွန်း-ပုသိမ်လမ်းမှ တိုက်ရိုက်သွားလာပါက အချိန်တိုတိုဖြင့် ပုသိမ်မြို့သို့ သွားရောက်နိုင်မည်ဖြစ်သည်။

**မော်ကျွန်း**
**မြင့်အောင်**

# ဖလမ်းခရိုင်အတွင်း လမ်း ၁၁ လမ်း အဆင့်မြှင့်တင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁**

ချင်းပြည်နယ် ဖလမ်းခရိုင်လမ်းဦးစီးဌာနသည် ခရိုင်အတွင်းရှိ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ရိခေါဒါရ်၊ ခိုင်ကမ်းမြို့တို့အား ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ခွင့်ပြုရန်ပုံငွေများ ဖြင့် လမ်း ၁၁ လမ်းကို အဆင့်မြှင့်တင် ပြုပြင်သွားမည်ဖြစ်သည်။

ယင်းလမ်းတို့မှာ ကလေး-ဖလမ်း-ဟားခါးလမ်း၊ တီးတိန်-ရိဒ်လမ်း၊ သိုင်းငင်-တီးတိန်လမ်း၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ ဖလမ်း-ရိဒ်လမ်း၊ နတ်ချောင်း-ဝေဘူလ-ဗားရ်လမ်း-ဖို့ဝိုက်-ထုတ်လိုင်လမ်း၊ ဖလမ်းမြို့တွင်းလမ်း၊ တီးတိန်မြို့တွင်းလမ်း၊ ဖလမ်းမြို့ရှောင်လမ်းနှင့် ဗားလုံရှောင်လမ်းတို့ဖြစ်သည်။

**ခရမ်းစိုးမြင့်**



# အင်းတော်မြို့တော်ခန်းမ မကြာမီပြီးစီးမည်

**အင်းတော် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် မြို့တော်ခန်းမ တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခန်းမမှာ အလျား ၁၆၅ ပေ၊ အနံပေ ၈၀ ရှိကာ သံဖရိန်တစ်ထပ် အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေမှာ ၂၈၂ ဒသမ ၈၅ သန်းဖြစ်ကြောင်း သိရသည်။

အဆိုပါအဆောက်အအုံကို အင်းတော်မြို့ မြို့အလယ်ရွှေဘို-မြစ်ကြီးနားကားလမ်းဘေးတွင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အမာ-ဖျာပုံလမ်းရှိ ဆိပ်မချောင်းကူး ဘေလီတံတားဆောက်လုပ်ပြီးစီး



**အမာ ဒီဇင်ဘာ ၁**

အမာ-ဖျာပုံ ဆက်သွယ်ရေးကားလမ်းပေါ်ရှိ မကြာခင်က ပြိုကျသွားသော ဆိပ်မချောင်းကူး ဘေလီတံတားအား ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၁၆) မှ အမြန်ဆုံး ပြန်လည်တည်ဆောက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရာနှုန်းပြည့်ပြီးစီး၍ လူ၊ ကားနှင့် ဆိုင်ကယ်များ ဖြတ်ကူးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေးကားလမ်းမပေါ်ရှိ ပေ၂၈၀ ရှည်သော ဆိပ်မချောင်းကူးဘေလီတံတားသည် နိုဝင်ဘာ ၉ ရက်ညက ပြိုကျပျက်စီးခဲ့ပြီး နိုဝင်ဘာ ၁၈ ရက်တွင် အမာဘက်ခြမ်း ရေလယ်တိုင် P3 အား ပန္နက်တင်မင်္ဂလာပြုလုပ်၍ ပိုင်တိုင်ရိုက်စတင်ဆောက်လုပ်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရာနှုန်းပြည့်ပြီးစီးခဲ့သည်။

ဆောက်လုပ်ပြီးသွားသော တံတားသည် အရှည်ပေ ၂၈၀၊ အကျယ် ၁၆ ပေရှိပြီး ရေပြင်အထက် အမြင့် ၁၇ ပေ ရှိကြောင်း သိရသည်။

တံတားအား တာဝန်ယူဆောက်လုပ်နေသော တာဝန်ခံ EE ဦးမင်းခိုင်က တံတားခံနိုင်ဝန်ကို မိမိတို့ဆောက်လုပ်ရေးဖောကားအား ကျောက်ကြီးအပြည့်တင်ဆောင်ပြီး တံတားပေါ်ဖြတ်မောင်းစမ်းသပ်ခဲ့ကြောင်း၊ တံတားအားခံနိုင်ဝန်ငါးတန်သတ်မှတ်ပေးထားပြီး တံတားပေါ်၌ လူ၊ ကား၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ယခုအခါ ခရီးသည်များ အခက်အခဲမဖြစ်တော့ဘဲ အမာဆိပ်မှ ဖျာပုံမြို့သို့ တစ်ဆက်တည်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးတွင် လူငယ်ပွဲတော် ၂၀၁၉ အခမ်းအနား ကျင်းပ



**မကွေး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး လူငယ်ပွဲတော် ၂၀၁၉ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မကွေးမြို့ ကမ်းနားလမ်းရှိ နန်းထိုက်သူ ဟိုတယ်၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်မြင့်က နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုးထွန်းဦးက ၂၀၂၀ ပြည့်နှစ်တွင် ပထမအကြိမ် မဲပေးမည့် လူငယ်မောင်မယ်များအား သင့်အသံ၊ သင့်မဲ၊ သင့်အနာဂတ် ဆောင်ပုဒ်နှင့်အညီ လူငယ်များ ပါဝင်မဲပေးရန်၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် လူငယ်များပါဝင်ရန် အရေးကြီးကြောင်း၊ မဲပေးရာတွင် စနစ်တကျ မှန်မှန်ကန်ကန် မဲပေးရေးတို့ကို ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဦးဆောင်ကာ မဲရုံတွင် ဆန္ဒမဲပေးပုံ နမူနာအားပြသခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများ ပြည်မြို့တွင်ဖွဲ့စည်း



**ပြည် ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ခရိုင်နှင့် မြို့နယ်အဆင့် ဖွဲ့စည်းနိုင်ရေး ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ပြည်မြို့ သီရိခေတ္တရာခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်စန်းစန်းယုနှင့် အထောက်အကူပြုအဖွဲ့ဝင် ဒေါ်စိုးစိုးကက အသင်းဖြစ်ပေါ်လာပုံ၊ အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ အသင်းအမှတ်တံဆိပ်၊ အသင်းရုံးတံဆိပ်တုံးနှင့် အသင်းအလံအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းအထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက အသင်းအဆင့်ဆင့်ဖွဲ့စည်းရန် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးတို့အား ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ပြည်ခရိုင် ခြောက်မြို့နယ်မှကိုယ်စားလှယ်များကို မြို့နယ်များအလိုက် ဦးဆောင်အဖွဲ့ဝင်များအဖြစ် စတင်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့အထိမ်းအမှတ် ၁၆ ရက်တာ လှုပ်ရှားမှုသရုပ်ပြ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း နံ့သာကုန်းပန်းခြံဝင်းအတွင်း နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီက အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့ အထိမ်းအမှတ် ၁၆ ရက်တာ လှုပ်ရှားမှုသရုပ်ပြပွဲ ကျင်းပသည်။

အင်းစိန်မြို့နယ်မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးက "တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးအလိုက် ဆောင်ရွက်နေကြပါတယ်။ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် လမ်းဆုံမှာ မနေ့က လှုပ်ရှားမှုပြုလုပ်ပြီးသွားပါပြီ။ ဒီကနေ့တော့ ဒီမှာလုပ်တာပါ"ဟု ပြောကြားသည်။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့အထိမ်းအမှတ်လှုပ်ရှားမှု နောက်ခံသမိုင်းနှင့်စပ်လျဉ်း၍ မချယ်ရီအုန်း(WIN-peace) က ယခင်အမျိုးသမီးများ ဖြတ်သန်းလျှောက်လှမ်းခဲ့ရမှု၊ ယခုဖြတ်သန်းဆောင်ရွက်ရမှု၊ တန်းတူညီမျှရေးအခွင့်အလမ်း၊ ဥပဒေနည်းဥပဒေညီမျှမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



# မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် ရွှေ့ပြောင်းသွားလာမှုများရှိသော်လည်း စာရင်းအားလုံးကောက်ယူနိုင်

**စစ်ကိုင်း ဒီဇင်ဘာ ၁**

နာဂဒေသတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် ရွှေ့ပြောင်းသွားလာမှုများရှိသော်လည်း စာရင်းအားလုံးကောက်ယူနိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးအောင်မျိုးလွင်ထံမှ သိရသည်။

နာဂဒေသ လဟယ်မြို့နယ်တွင် မဲရုံ ၁၀၅ ရုံ၊ မဲဆန္ဒရှင်ဦးရေ ၃၂၂၂၂ ဦး၊ လေရှီးမြို့နယ်တွင် မဲရုံ ၅၁ ရုံ၊ မဲဆန္ဒရှင်ဦးရေ ၁၀၈၂၀ နှင့် နန်းယွန်းမြို့နယ်တွင် မဲရုံ ၈၂ ရုံ၊ မဲဆန္ဒရှင်ဦးရေ ၃၁၃၅၇ ဦး စုစုပေါင်း နာဂဒေသတွင် မဲရုံပေါင်း ၂၃၈ ရုံနှင့် မဲဆန္ဒရှင်ပေါင်း ၇၄၃၉၉ ဦးရှိကြောင်း သိရသည်။

လူဦးရေစာရင်းကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းစီမံချက်အရ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူဦးရေစုစုပေါင်း ၅၆၂၀၀၀၀ ကျော်ရှိသည့်ထဲမှ ၁၈ နှစ်အထက်မဲပေးပိုင်ခွင့်ရှိသူသည် ၄၁၇၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်အင်အား ၃၈ သိန်းကျော်ရှိခဲ့ပြီး လက်ရှိ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် ကောက်ယူထားသော အခြေခံမဲစာရင်းသည် ၄၁ သိန်းကျော်ရှိရာ သုံးသိန်းကျော်တိုးလာကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

## သတင်းစုံကဏ္ဍာ

### မသန်စွမ်းသူများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်

**စဉ့်ကိုင်**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် "အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်းလူ့အခွင့်အရေးဖော်ဆောင်စို့" ဆောင်ပုဒ်နှင့်အညီ "မသန်စွမ်းသူများအလေးထားလို့ဝိုင်းဝန်းကူညီကြပါစို့" ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

### ရှေးဦးသူနာပြုစုနည်း သင်တန်းဆင်းပွဲ ကျင်းပ

**ပင်းတယ**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကြံခင်းမြောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကြက်ခြေနီရှေးဦးသူနာပြုစုနည်းသင်တန်း (၂/၂၀၁၉) ဆင်းပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

သင်တန်းသား သင်တန်းသူများအား First Aid Kit နှင့် ရှေးဦးသူနာပြုစုနည်း လက်စွဲစာအုပ်များ၊ သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသို့ ၁၁၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

### ကုလားပဲသီးနှံ မှိုရောဂါကာကွယ်နှိမ်နင်း

**ဂန့်ဂေါ**

ဂန့်ဂေါခရိုင်အတွင်း စိုက်ပျိုးထားသော ဆောင်းရာသီ ကုလားပဲသီးနှံစိုက်ခင်းများတွင် မြစ်ခြောက်ဆွေးရောဂါအပါအဝင် မှိုရောဂါများကို ကာကွယ်နှိမ်နင်းနိုင်ရန် ထရိုင်ကိုဒါးမားအကျိုးပြု အဏုဇီဝမှိုကို စမ်းသပ်အသုံးပြုသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

လာပို့ကျေးရွာနှင့် နှမ်းခါးကျေးရွာတို့၌ ကုလားပဲစိုက်ခင်း ဧက ၃၀ တွင် မှိုရောဂါများကို ကာကွယ်နှိမ်နင်းနိုင်ရန် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး တာဝန်ခံဦးစီးအရာရှိ ဒေါ်မြင့်မြင့်နွယ်က ထရိုင်ကိုဒါးမားမှိုထုပ်များကို ပေးအပ်ပြီး ထရိုင်ကိုဒါးမားမှိုအသုံးပြုနည်းများကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများက ထရိုင်ကိုဒါးမားမှိုပွားခြင်းကို လက်တွေ့ပြသကြသည်။

**စိန်ကျော်**

### လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၆) ရပ်ကွက် ဇောတိကလမ်းတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး အင်ဂျင်နီယာဌာနက ဓာတ်အားလိုင်းကြိုးများကြံ့ခိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဗို့အားပြည့်ဝစွာရရှိစေရန်အတွက် ပေ ၂၀၀၀ အရှည်ရှိ HDBC နံပါတ်-၈ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများကို လျှပ်ကာပါသော 95mm2 ကြိုးများဖြင့် နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက လိုင်းဝန်ထမ်းများက အစားထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# ဦးပိန်တံတား သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်

**မန္တလေး ဒီဇင်ဘာ ၁**

ဦးပိန်တံတား သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်းကို မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းရှိ ဦးပိန်တံတားအနောက်ဘက်ခြမ်းတွင် နိုဝင်ဘာ ၃၀ ရက် နံနက် ၇ နာရီခွဲက ဆောင်ရွက်ခဲ့ကြသည်။

"ဦးပိန်တံတားဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြုလုပ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က မန္တလေးမြို့မှာရှိတဲ့ နေရာတော်တော်များများကို နှစ်ပတ်တစ်ကြိမ် အမှိုက်ကောက်ပါတယ်။ ဒီနေ့အမှိုက်ကောက်တာတော့ Volunteer ၃၅ ဦး ပါဝင်ပါတယ်" ဟု TRASH HERO အဖွဲ့မှ Volunteer ကိုလင်းထက်နိုင်က ပြောကြားသည်။

"ကမ္ဘာကျော်ဦးပိန်တံတားဆိုတာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ နေ့စဉ်လာရောက်လည်ပတ်မှုများပြားတဲ့နေရာတစ်ခုပါ။ တံတားအနီးရောင်းချနေတဲ့ ဈေးသည်တွေနဲ့ လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေ အမှိုက်တွေကို စနစ်တကျ စွန့်ပစ်မှသာ ရေရှည်မှာ အဆင်ပြေမှာဖြစ်ပါတယ်။ ဒါမှသာ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ ကမ္ဘာကျော် ဦးပိန်တံတား အစဉ်အမြဲသန့်ရှင်းသာယာလှပနေမှာဖြစ်ပါတယ်" ဟု ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူတစ်ဦးက သူ၏အမြင်ကို ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဟောင်ကောင်ရွေးကောက်ပွဲပြီးသော်လည်း ဆန္ဒထုတ်ဖော်မှုများ ဆက်လက်ရှိနေ

**ဟောင်ကောင် ဒီဇင်ဘာ ၁**

ဟောင်ကောင်ရွေးကောက်ပွဲတွင် ဒီမိုကရေစီလိုလားသူများအဖွဲ့က တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သော်လည်း ဟောင်ကောင်အစိုးရအဖွဲ့က ဆန္ဒထုတ်ဖော်သူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် အဆင်သင့်မဖြစ်သေးသည့်အတွက် ပြည်သူများက လမ်းမများပေါ်တွင် ထပ်မံဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ရဲအရာရှိများက ဆန္ဒထုတ်ဖော်သူများအား မျက်ရည်ယိုဗုံးများအသုံးပြုကာ လူစုခွဲခဲ့ကြသည်။ အဆိုပါမျက်ရည်ယိုဗုံးများကို ရဲအရာရှိများက ရွေးကောက်ပွဲပြီးနောက် ပထမဆုံးအကြိမ် အသုံးပြုခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ဒီမိုကရေစီလိုလားသော ကိုယ်စားလှယ်များက ကောင်စီအဖွဲ့ဝင်နေရာ ၈၀ ရာခိုင်နှုန်းကျော်ခန့် အနိုင်ရရှိခဲ့သည်။

သို့သော် ဟောင်ကောင်အစိုးရအဖွဲ့က အုပ်ချုပ်ရေးအကြီးအကဲနေရာအတွက် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရန်မည်သည့်ကနဦးလုပ်ဆောင်ချက်ကိုမျှ ချမှတ်လုပ်ဆောင်ခြင်းမရှိသေးသည့်အပြင် ဆန္ဒထုတ်ဖော်သူများ တောင်းဆိုထားသည့်အချက်များကို လိုက်လျောပေးရန် နှောင့်နှေးကြန့်ကြာမှုများ ရှိနေသည်။

အကျီအနက်နှင့် မျက်နှာဖုံးအနက်များ ဝတ်ဆင်ထားသည့် ဆန္ဒထုတ်ဖော်သူများက နိုဝင်ဘာ ၃၀ ရက် ညပိုင်းအချိန်တွင် ဟောင်ကောင်၏ လူဦးရေထူထပ်များပြားသော ခရိုင်တစ်ခုရှိလမ်းမများပေါ်တွင် ယာဉ်ကြောများပိတ်ဆို့ကာ စုဝေးခဲ့ကြပြီး ကားတာယာများကို မီးစတင်ရှို့ခဲ့ကြသည်။

ဟောင်ကောင်အနှံ့အပြားတွင် တပ်ဖြန့်ထားသော လုံခြုံရေးအရာရှိများက ဆန္ဒထုတ်ဖော်သူများအား လူစုခွဲရန် မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့ကြောင်း ဟောင်ကောင်ဒေသန္တရသတင်းမီဒီယာများက ဖော်ပြကြသည်။

ဇွန်လကစပြီး ဟောင်ကောင်ရဲများ အသုံးပြုခဲ့သော မျက်ရည်ယိုဗုံးအရေအတွက်သည် ၁၀၀၀၀ နီးပါးရှိခဲ့ပြီး နိုဝင်ဘာ ၁၈ ရက်မှ ရွေးကောက်ပွဲကျင်းပသည့်ရက် နိုဝင်ဘာ ၂၄ ရက်အတွင်းကိုသာ မျက်ရည်ယိုဗုံးများ အသုံးပြုခြင်းမရှိခဲ့ပေ။

ယင်းသို့ ရဲအရာရှိများက မျက်ရည်ယိုဗုံးများ အသုံးပြုခြင်းသည် ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများအကြား ဖြစ်ပွားလျက်ရှိသော ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုကို ပိုမိုပြင်းထန်စေသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**




# အီရန်က ပြည်တွင်းဖြစ် ခရုဇ်ဒုံးကျည် အစုလိုက်အပြုံလိုက် ထုတ်လုပ်

**တီဟီရန် ဒီဇင်ဘာ ၁**

အီရန်နိုင်ငံသည် ရေငုပ်သင်္ဘော အခြေပြု ပြည်တွင်းဖြစ် ခရုဇ်ဒုံးကျည်ကို အစုလိုက်အပြုံလိုက် ထုတ်လုပ်ထားကြောင်း အီရန်ရေတပ်က ယနေ့ ကြေညာသည်။

ယခုအခါ အီရန်ရေတပ်သည် ခရုဇ်ဒုံးကျည်များကို ရေငုပ်သင်္ဘောများပေါ်တွင် တပ်ဆင်နိုင်တော့မည်ဖြစ်ကြောင်း အီရန်ရေတပ်ဗိုလ်ချုပ်ကြီး ဟိုစိန်ခန်ဇာဒီက ပြောကြားသည်။ အဆိုပါ စစ်လက်နက်သည် တာဝေးပစ်မှတ်များကို ထိရောက်စွာတိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သလို ရန်သူများအတွက် အံ့အားသင့်စရာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း အီရန်တပ်မှူးက ဆက်လက်ပြောကြားသည်။

ထို့အပြင် အီရန်ရေတပ်သည် ယင်းနေ့အစောပိုင်းက မြို့တော် တီဟီရန်တွင် ဒေါင်လိုက်ပျံသန်းနိုင်ပြီး ဒေါင်လိုက်ဆင်းသက်နိုင်စွမ်းရှိသည့် ပြည်တွင်းဖြစ် Pelican-2 အမည်ရှိ မောင်းသူမဲ့ဒရုန်းလေယာဉ်တစ်စင်းကိုလည်း ထုတ်ဖော်ပြသခဲ့သည်။

ဒေါင်လိုက်လှုပ်ရှားမှုများအတွက် မော်တာလေးခုဖြင့် တပ်ဆင်ထားသော အဆိုပါ မောင်းသူမဲ့ဒရုန်းလေယာဉ်သည် ကင်းလှည့်မှုနှင့် ကင်းထောက်မှုတာဝန်များအတွက် စစ်သင်္ဘောများပေါ်မှတစ်ဆင့် ထွက်ခွာပျံသန်းနိုင်မည်ဖြစ်သည်။

ထို့အပြင် ယင်းမောင်းသူမဲ့ဒရုန်းလေယာဉ်သည် အရေးပေါ်အခြေအနေတစ်ခုပေါ်လာပါက ရေပြင်ပေါ်သို့ ဆင်းသက်နိုင်စွမ်းရှိမည်ဖြစ်ပြီး ရေပြင်ပေါ်တွင် ပေါလောပေါ်နိုင်စွမ်းရှိမည်ဖြစ်သည်။ အီရန်ရေတပ်သည် အဆိုပါ မောင်းသူမဲ့ဒရုန်းလေယာဉ်များကို နိုင်ငံတကာရေပြင်ရှိ အီရန်ရေတပ်၏ စစ်သင်္ဘောအုပ်စုတွင် ဖြန့်ကြက်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-ဂျေတီ**



# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လှုပ်ရှားတက်ကြွသူများက ကျောက်မီးသွေးတွင်းများအား သိမ်းပိုက်

**ဘာလင် ဒီဇင်ဘာ ၁**

ဂျာမနီနိုင်ငံအရှေ့ပိုင်းဒေသရှိ ဟင်းလင်းတွင်းကျယ်တူးဖော်သည့် ကျောက်မီးသွေးတွင်းများအား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန္ဒပြသူထောင်ပေါင်းများစွာတို့က နိုဝင်ဘာ ၃၀ ရက်တွင် သိမ်းပိုက်ခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယင်းဆန္ဒပြသမားများက ဂျာမနီအစိုးရက ရုပ်ကြွင်းလောင်စာများ ထုတ်ယူသုံးစွဲမှု ရပ်ဆိုင်းရေးအတွက် ဖိအားပေးရန်ကြိုးပမ်းသည့်အနေဖြင့် ယင်းဟင်းလင်းတွင်းကျယ်ကျောက်မီးသွေးတွင်းများကို သိမ်းယူခဲ့ခြင်းဖြစ်သည်။

အဖြူရောင်နှာခေါင်းစည်းများနှင့်ဝတ်စုံများကို ဝတ်ဆင်ထားသည့် ရာပေါင်းများစွာသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန့်ကျင်ဆန္ဒပြပွဲအတွက် စည်းရုံးလှုံ့ဆော်သူများက ဂျန်ရှောလ်ဝဒ်အောခ့်စ် ကျောက်မီးသွေးမိုင်းအတွင်း ဝင်ရောက်ခဲ့ကြပြီး အခြားလူ ၄၅၀ ခန့်သည် ကျောက်မီးသွေးမိုင်းနှင့် ဆက်သွယ်ထားသည့် ရထားလမ်းပေါ်တွင် နေရာယူထားကြသည်။

အလားတူဖြစ်ရပ်တစ်ခုလည်း လုဇစ်ချိုင့်ဝှမ်းဒေသရှိ ဝဲလ်ဇိုးဆုဒ် ကျောက်မီးသွေးမိုင်းတွင် ဖြစ်ပွားခဲ့သည်။

လိုက်ပ်ဇစ်တောင်ပိုင်းရှိ ဗာရီနီဂိတ်စ် ရှယ်လ်ဟင်းဒေသရှိ (အမ်အိုင်ဘီအာရ်အေဂျီ)ကုမ္ပဏီမှ လုပ်ကိုင်နေသည့် အခြားကျောက်မီးသွေးမိုင်းတွင်လည်း ဆန္ဒပြသမား ၁၂၀၀ ခန့်က ကျောက်မီးသွေးတူးသမားများကို ပိတ်ဆို့ထားခဲ့ပြီး လူအုပ်စုဖြင့် လုပ်ငန်းများရပ်ဆိုင်းထားရန် လုပ်ဆောင်ခဲ့ကြသည်။

မိမိတို့အနေဖြင့် ငြိမ်းချမ်းသည့်ဆန္ဒပြမှုများကို မည်သို့မျှ ဆန့်ကျင်ခြင်းမရှိကြောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြခြင်းမှာ ဒီမိုကရက်တစ်အခွင့်အရေးဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် တရားဥပဒေကို ချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများကိုမူ လက်မခံကြောင်း (အမ်အိုင်ဘီအာရ်အေဂျီ)ဥက္ကဋ္ဌ အာမင်အီရီလက်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# ရုရှားနိုင်ငံရှိ အလွန်အေးခဲသောမြစ်တစ်စင်းထဲသို့ ခရီးသည်တင်ဘတ်စ်ကားထိုးကျ၊ လူ ၁၉ ဦး သေဆုံး၊ ၂၁ ဦး ဒဏ်ရာရရှိ

**မော်စကို ဒီဇင်ဘာ ၁**

ဒီဇင်ဘာ ၁ ရက်က ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိအလွန်အေးခဲသောမြစ်တစ်စင်းထဲသို့ ခရီးသည် ၄၀ ကျော်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးထိုးကျခဲ့ရာ လူ ၁၉ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

နိုင်ငံ၏အရှေ့ဘက် ဆိုက်ဘေးရီးယားဒေသ၏ ဇာဘိုင်ကားလ်စကီးအရပ်ရှိ ဆရီတင်းစကီးမြို့မှ ချီတာမြို့သို့ ဦးတည်ထွက်ခွာသည့် အဆိုပါခရီးသည်တင်ဘတ်စ်ကားသည် ကွင်ဂါမြစ်ပေါ်ရှိ တံတားတစ်စင်းပေါ်ဖြတ်သန်းနေစဉ် ကားဘီးပေါက်ပြီး လမ်းချော်ကာ အလွန်အေးခဲသောမြစ်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။

"ဘတ်စ်ကားဘီးပေါက်ပြီး မြစ်ထဲထိုးကျခဲ့ပြီးနောက် ခရီးသည် ကိုးဦးသေဆုံးပြီးတော့ ကျန် ၂၁ ဦးဟာ ဒဏ်ရာရရှိခဲ့ပါတယ်"ဟု ဇာဘိုင်ကားလ်စကီးဒေသ အုပ်ချုပ်ရေးမှူးက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တာဝန်ရှိသူများသည် ဘတ်စ်ကားတိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီးနောက် ဒဏ်ရာရရှိသူများအား ပြုစုစောင့်ရှောက်ပေးရန်အတွက် ရဟတ်ယာဉ်နှစ်စင်းနှင့် ဆရာဝန်များကို အခင်းဖြစ်ပွားသည့်နေရာသို့ ပို့ဆောင်ထားသည်။

ရုရှားစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားမှုအပေါ် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိသည်။

ယာဉ်မောင်းများ၏ အရက်သေစာသောက်သုံးမှု၊ ကားလမ်းညံ့ဖျင်းမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုများကြောင့် ရုရှားနိုင်ငံတွင် ယာဉ်မတော်တဆမှု မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

သို့သော် မကြာသေးမီနှစ်များမှစ၍ ရုရှားနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူဦးရေ ကျဆင်းခဲ့သည်။ **ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**



# လန်ဒန်တံတားပေါ်မှ အကြမ်းဖက်မှုသည် ဗြိတိန်ရွေးကောက်ပွဲအတွက် အဟန့်အတားဖြစ်

**လန်ဒန် ဒီဇင်ဘာ ၁**

နိုဝင်ဘာ ၂၉ ရက်က လန်ဒန်တံတားပေါ်တွင် ဖြစ်ပွားခဲ့သော ဓားဖြင့်အကြမ်းဖက်တိုက်ခိုက်မှုသည် ဗြိတိန်နိုင်ငံရွေးကောက်ပွဲအပေါ် ဆိုးကျိုးများ သက်ရောက်စေခဲ့သည်။

အဆိုပါ ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမတ်လောင်းများက ၎င်းတို့၏မဲဆွယ်စည်းရုံးမှုများကို ရုတ်ခြည်းရပ်တန့်ခဲ့ပြီး လုံခြုံရေးတင်းကျပ်စွာချမှတ်ပေးရန် အစိုးရအဖွဲ့အား တောင်းဆိုခဲ့ကြသည်။ ဓားဖြင့်အကြမ်းဖက်တိုက်ခိုက်မှုတွင် လူနှစ်ဦးသေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းအကြမ်းဖက်မှုသည် ဗြိတိန်ရွေးကောက်ပွဲကျင်းပရန် ရက်သတ္တပတ်ကျော်မတိုင်မီ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီ အပါအဝင် အတိုက်အခံလေဘာပါတီက ၎င်းတို့၏ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို နိုဝင်ဘာ ၃၀ ရက်တွင် ရပ်တန့်စေခဲ့သည်။

နိုင်ငံအတွင်း အကြမ်းဖက်မှုဖြစ်ပွားရခြင်းသည် ရဲအရာရှိများအတွက် သုံးစွဲငွေကို လျှော့ချခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အတိုက်အခံပါတီက အာဏာရ ကွန်ဆာဗေးတစ်ပါတီအား ဝေဖန်ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံ၏ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# အယ်လ်ဂျီးရီးယားနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများကို ဥရောပပါလီမန်ဆုံးဖြတ်ချက် အယ်လ်ဂျီးရီးယား ဝေဖန်

**အယ်လ်ဂျီးရီးယား ဒီဇင်ဘာ ၁**

အယ်လ်ဂျီးရီးယားနိုင်ငံအတွင်း လွတ်လပ်သော အခြေအနေနှင့် စပ်လျဉ်း၍ ဥရောပပါလီမန်၏ ဆုံးဖြတ်ချက်တွင် ယခုဒီဇင်ဘာလအတွင်းကျင်းပမည့် အယ်လ်ဂျီးရီးယား သမ္မတရွေးကောက်ပွဲကို အနှောင့်အယှက်ပေးရန် ဥရောပပါလီမန်အဖွဲ့ဝင်အချို့၏ ကြိုးစားနေမှုသည် မြင်သာအောင် ပြသနေကြောင်း အယ်လ်ဂျီးရီးယားဆက်သွယ်ရေးဝန်ကြီး ဟက်ဆာနီရာဘီဟီက ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယားပြည်သူများက အဆိုပါ အကြံအစည်ကို သတိထားမိလာကြောင်းနှင့် ပြည်သူများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲမဲပေးရာတွင် ပါဝင်ရန်ဆုံးဖြတ်ထားကြောင်း ဟက်ဆာနီရာဘီဟီက အလေးထားပြောကြားခဲ့သည်ကို တရားဝင်သတင်းအေဂျင်စီ အေပီအက်စ်က သတင်းထုတ်ပြန်ခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံအနေဖြင့် မိမိ၏ ပြည်တွင်းရေးရာများတွင် အခြားလူများ ဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံကြောင်းနှင့် ယင်းမှာ နိုင်ငံ၏မူဝါဒတွင် စောဒကမတက်နိုင်သော စည်းမျဉ်းတစ်ခုဖြစ်ကြောင်း ဟက်ဆာနီရာဘီဟီက ထပ်လောင်းပြောကြားခဲ့သည်။

ဥရောပပါလီမန်၏ ဆုံးဖြတ်ချက်သည် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းမြင်သာသည့် နိုင်ငံရေးလမ်းကြောင်းတစ်ခုကို အခြေတည်လျက် လက်ရှိနိုင်ငံရေးပြဿနာအတွက် အယ်လ်ဂျီးရီးယားအစိုးရအနေဖြင့် ဖြေရှင်းချက်တစ်ရပ်ရှာဖွေရန် လိုအပ်ကြောင်းလည်း တိုက်တွန်းထားသည်။

အယ်လ်ဂျီးရီးယားသမ္မတရွေးကောက်ပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် သမ္မတရာထူးနေရာအတွက် ယှဉ်ပြိုင်ရန် ဝန်ကြီးချုပ်ဟောင်းနှစ်ဦးအပါအဝင် ရွေးကောက်ပွဲကိုယ်စားလှယ်ငါးဦးယှဉ်ပြိုင်မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



အယ်လ်ဂျီးရီးယားဆက်သွယ်ရေးဝန်ကြီး ဟက်ဆာနီရာဘီဟီ

# အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ်၌ လေယာဉ်ပျက်ကျ ကိုးဦးသေ၊ သုံးဦး ဒဏ်ရာရ

**ပီယာရီ ဒီဇင်ဘာ ၁**

ဆောင်းရာသီမုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားသည့် အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ်၌ ယမန်နေ့က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ကလေးငယ်နှစ်ဦးအပါအဝင် လူကိုးဦး သေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်ဂျင်တစ်လုံးတပ် တာဘိုပရော့လေယာဉ် The Pilatus PC-12 မှာ ချန်ဘာလိန်လေဆိပ်မှ တစ်မိုင်ခန့်အကွာတွင် ပျံတက်ပြီးနောက် မကြာမီပျက်ကျခဲ့ကြောင်း ဖက်ဒရယ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဌာန (FAA) က ပြောကြားသည်။ သေဆုံးသူများတွင်လေယာဉ်မှူးလည်း ပါဝင်ပြီး လေယာဉ်ပေါ်၌ စုစုပေါင်း လူ ၁၂ ဦး ပါရှိခဲ့ကြောင်း ပြည်နယ်ရှေ့နေ ထရီဆာမူလေရော့ဆောက ပြောကြားသည်။ အသက်ရှင်ကျန်ရစ်သူ သုံးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့သည်ဟု ၎င်းက အမေရိကန်မီဒီယာများသို့ ပြောကြားခဲ့သည်။ အဆိုပါလေယာဉ်မှာ အမေရိကန်နိုင်ငံ အနောက်ပိုင်း အိုင်ဒါဟိုပြည်နယ်ရှိအိုင်ဒါဟိုဖောလေဆိပ်သို့ ပျံသန်းရန် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီမတိုင်မီ လေဆိပ်မှ ထွက်ခွာခဲ့သည်။

လေယာဉ်ပျက်ကျရာနေရာသို့ စုံစမ်းစစ်ဆေးရေးမှူးများ သွားရောက်ခဲ့ပြီး အမျိုးသားသယ်ယူပို့ဆောင်ရေးဘေးအန္တရာယ်ကင်းရေးဘုတ်အဖွဲ့ (NTSB) က စုံစမ်းစစ်ဆေးမှုကို ကြီးကြပ်မည်ဟု FAA က ပြောကြားသည်။ ချန်ဘာလိန်အနီး လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးနေသည်ဟု FAA က တွစ်တာ၌ ရေးသားခဲ့သည်။ တောင်ဒါကိုတာပြည်နယ်သည် နှင်းမုန်တိုင်းအန္တရာယ်ကြုံတွေ့နေရသော ဒေသတစ်ခုဖြစ်သည့် Northern Plains တွင် တည်ရှိသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန် - ကျော်ထိုက်စိုး



# မက္ကဆီကို၌ ရဲတပ်ဖွဲ့နှင့်မူးယစ်ဂိုဏ်း တိုက်ပွဲဖြစ်ပွားရာ ၁၄ ဦးထက်မနည်း သေဆုံး


**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁**

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကိုအာဟွီလာပြည်နယ်၌ဖြစ်ပွားခဲ့သည့် တစ်နာရီကြာ တိုက်ပွဲတစ်ခုအတွင်း ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် မူးယစ်ဂိုဏ်းတစ်ခုမှ သေနတ်သမား ၁၀ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

တိုက်ပွဲအတွင်း နောက်ထပ် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိခဲ့ပြီး စည်ပင်သာယာဝန်ထမ်း အများအပြား ပျောက်ဆုံးနေကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မီဂွယ်အိန်ဂျယ်ရီကွယ်မီးဆိုလစ်က ပြောကြားသည်။ လက်နက်ကိုင်အဖွဲ့မှာ လူ ၃၀၀၀ ခန့်နေထိုင်ပြီး အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း အီးဂဲပတ်စ်မြို့တော်မှ ကားဖြင့် တစ်နာရီခန့် မောင်းနှင်ရသည့် ဗီလာယူနီယမ်မြို့ငယ်လေးသို့ မထင်မှတ်ဘဲ ရောက်လာခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။ မြို့အတွင်းရှိ စည်ပင်သာယာရုံး အဆောက်အအုံမျက်နှာစာမှာ ကျည်ဆန်ပေါက်များဖြင့် ဆန်ခါပေါက်ဖြစ်သွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ တွစ်တာအကောင့်၌တင်ခဲ့သည့် ဓာတ်ပုံများအရ သိရသည်။

တည်ငြိမ်မှု ပြန်လည်ရရှိလာစေရန် မြို့အတွင်း လုံခြုံရေးတပ်ဖွဲ့များ နောက်ရက်များအထိ ဆက်လက်ရှိနေမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး



# အီရတ်ဝန်ကြီးချုပ် နုတ်ထွက်မှု ပါလီမန်အတည်ပြု

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁**

အီရတ်နိုင်ငံအတွင်း အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ဝန်ကြီးချုပ် အဒဲလ်အဗ္ဗဒူလ် မာဒီ၏ နုတ်ထွက်ခြင်းကို အီရတ်ပါလီမန်က ဒီဇင်ဘာ ၁ ရက်တွင် အတည်ပြုခဲ့သည်။



အီရတ်ပါလီမန်အစည်းအဝေးကျင်းပနေစဉ်အတွင်း ဝန်ကြီးချုပ် အဒဲလ်အဗ္ဗဒူလ် မာဒီ၏ နုတ်ထွက်စာကို ဖတ်ပြီးနောက် ဝန်ကြီးချုပ် နုတ်ထွက်ခြင်းကို လက်ခံရန် ပါလီမန်ဥပဒေပြုအမတ်များက မဲပေးခဲ့ကြကြောင်း နိုင်ငံပိုင် အီရာကီယာချန်နယ်က သတင်းထုတ်ပြန်ခဲ့သည်။

အီရတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မခွဲ ၇၆ အရ ဝန်ကြီးချုပ်သစ်တစ်ဦးကို အမည်စာရင်းတင်သွင်းသွားမည်ဖြစ်ကြောင်းလည်း ပါလီမန်ဥက္ကဋ္ဌ မိုဟာမက် အယ်လ်ဟာဘူစီက ပြောကြားခဲ့သည်။

အဒဲလ်အဗ္ဗဒူလ် မာဒီသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး တစ်နှစ်ကျော်အကြာတွင် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အဒဲလ်အဗ္ဗဒူလ် မာဒီသည် အစိုးရဆန့်ကျင်ဆန္ဒပြမှုများကို တုံ့ပြန်သောအားဖြင့် ၎င်း၏နုတ်ထွက်စာကို ပါလီမန်သို့ တင်သွင်းသွားမည်ဖြစ်ကြောင်းလည်း အောက်တိုဘာ ၂၉ ရက်က ကြေညာခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှု တရုတ်ပြုလုပ်

**ကျူးဟိုင် ဒီဇင်ဘာ ၁**

ဂွမ်ဒေါင်ပြည်နယ်ရှိ ကျူးဟိုင်မြို့နှင့် ဟောင်ကောင်၊ မကာအိုတို့ကို ဆက်သွယ်ထားသည့် တံတားပေါ်တွင် ကြီးမားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း တရုတ်ရဲအရာရှိများက ပြောကြားသည်။

ကျူးဟိုင်မြို့ရှိ ရဲတပ်ဖွဲ့က တရုတ်ဆိုရှယ်မီဒီယာ ဝီဘိုတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်နေပုံများကို စနေနေ့ ညပိုင်းက လွှင့်တင်ခဲ့သည်။ ဒရုန်းယာဉ်များနှင့် ဒိုင်းများကိုင်ဆောင်ထားသည့် လက်နက်ကိုင် ရဲအရာရှိများ လှုပ်ရှားနေသည်ကို တွေ့ရသည်။ အချို့ရဲအရာရှိများက ဆိုင်ကယ်များ စီးနေကြသည်။

ဟောင်ကောင်-ကျူးဟိုင်-မကာအို တံတား၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် လူဖန်တီးသည့် ကျွန်းပေါ်၌ သောကြာနေ့က ပြုလုပ်ခဲ့သည့် ယင်းလေ့ကျင့်မှုတွင် ရဲအရာရှိ ၁၀၀၀ ခန့်ပါဝင်သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ယင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှုကို ဟောင်ကောင်နှင့် မကာအိုမှ အဆင့်မြင့် ရဲအရာရှိကြီးက ကြီးကြပ်ခဲ့သည်ဟု ရဲများက ပြောသည်။

ဟောင်ကောင်မှ ဒီမိုကရေစီလိုလားသည့် ဆန္ဒပြသူများနှင့် မကာအိုကို ဖိအားပေးရန် ယင်းလေ့ကျင့်မှုကို တရုတ်နိုင်ငံက ပြုလုပ်ခြင်း ဖြစ်နိုင်သည်ဟု စောင့်ကြည့်လေ့လာသူများက ပြောသည်။

ယခင်ကလည်း ဟောင်ကောင်မှ ဆန္ဒပြသမားများကို သိသိသာသာ သတိပေးခြင်းဖြစ်သည်ဟု မှတ်ယူကြသည့် ရှန်ကျန်း၌ ပြုလုပ်ခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှု ဗီဒီယိုကို တရုတ်ရဲတပ်ဖွဲ့ဝင်များက လူမှုမီဒီယာပေါ်တွင် ထုတ်လွှင့်ခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ဇော်လင်း

## ရွှေဘို၌ စိတ်ကြွဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**ရွှေဘို ဒီဇင်ဘာ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် နိုဝင်ဘာ ၃၀ ရက် ညပိုင်းက စိတ်ကြွဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ ရွှေဘိုမြို့တွင် နိုဝင်ဘာ ၃၀ ရက် ည ၉ နာရီက ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦး ဦးဆောင်သော နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရွှေဘိုခရိုင် မှုခင်း နှိမ်နင်းရေးဌာနစိတ်မှ ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ရွှေဘိုမြို့ အမှတ် (၆) ရပ်ကွက် သခွတ္တောရပ်နေ နေစိုးထက် (ခ) ရဲနောင်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း၌ နေစိုးထက်(ခ) ရဲနောင်နှင့် နေရပ်တူ မဇာခြည် ထိုက်နှင့် နေဝင်းထက် သရိုင်းကျေးရွာ ဝက်လက်မြို့နယ်နေသူတို့အား ဘိန်းဖြူထည့်ထားသော ဆပ်ပြာခွက် ခြောက်ခွက်(၅၆ ဂရမ်) နှင့် WY စာတန်းပါ စိတ်ကြွဆေးပြား ၃၅၁၁ ပြား၊ ဖုန်း လေးလုံး၊ ငွေကျပ် ၄၅၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ နေစိုးထက်(ခ) ရဲနောင်၊ မဇာခြည်ထိုက်နှင့် နေဝင်းထက် တို့အား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## တောင်ငူ၌ ငွေကျပ် သိန်း ၁၆၀ ကျော် အလွဲသုံးစားပြုလုပ်သူအား အမှုဖွင့်

**ပျဉ်းမနား ဒီဇင်ဘာ ၁**
တောင်ငူမြို့ရှိ လေလံအကောက်ခွန်လုပ်ငန်း များအတွက် ငွေကျပ် သိန်း ၁၆၀ ကျော် အလွဲသုံးစားပြုလုပ်သူကို တောင်ငူမြို့မရဲစခန်း တွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**အမှုဖွင့်တိုင်တန်း**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့ ပန်းခင်းရပ်နေ လေလံ လုပ်ငန်းရှင် ဦးလှခိုင်က တောင်ငူမြို့ရှိ အကောက်ခွန်လုပ်ငန်းများအတွက် အလုပ် သမားတာဝန်ခံအဖြစ် ခန့်အပ်ထားသော ဦးမြင့်အောင်ထံသို့ ဌာနဆိုင်ရာသို့ ငွေသွင်းရန် ကမ္ဘောဇဘဏ်(ပျဉ်းမနားဘဏ်ခွဲ)မှ တောင်ငူ ကမ္ဘောဇဘဏ်ခွဲသို့ ငွေကျပ် ၁၆၁၅၀၀၀၀ လွှဲခဲ့ရာ ဦးမြင့်အောင်သည် အဆိုပါငွေများအား ထုတ်ယူပြီး ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဦးလှခိုင်က တောင်ငူမြို့မရဲစခန်းသို့ နိုဝင်ဘာ ၂၂ ရက်တွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

**ဖမ်းဆီးရမိရေး ဆောင်ရွက်**

တောင်ငူမြို့မရဲစခန်းက ထွက်ပြေး တိမ်းရှောင်နေသူ ဦးမြင့်အောင် ကျောက်ချက် ကျေးရွာ ဇေယျာသီရိမြို့နယ် နေပြည်တော် နေသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ကိုကိုရှပ(နေပြည်တော်)**

## ၁၂ ဘီးယာဉ်နှင့် ထော်လာဂျီတိုက်မိ၊ အမျိုးသားတစ်ဦး သေဆုံး

**လှိုင်ကော် ဒီဇင်ဘာ ၁**
လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာ လှိုင်ကော်-မိုးဖြဲကား လမ်းတွင် နိုဝင်ဘာ ၃၀ ရက်က ၁၂ ဘီးယာဉ်နှင့် ထော်လာဂျီ တိုက်မိခဲ့ရာ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာ လှိုင်ကော် - မိုးဖြဲကားလမ်း မိုင်တိုင်အမှတ် (142 Km) အကြား လမင်းတာရာစက်သုံးဆီအရောင်းဆိုင်ရှေ့ လှိုင်ကော် မြို့သို့ ယာဉ်မောင်း လိရယ်(ခ)ဂျွန်ဝါးနီ မောင်းနှင်လာသော ၁၂ ဘီးယာဉ်နှင့် မိုးဖြဲမှ လှိုင်ကော်သို့ ယာဉ်မောင်း ဆီမိုးနယ်(ခ)မောင်နဲ့ မောင်းနှင်လာသော ထော်လာဂျီတို့ မျက်နှာချင်းဆိုင်တိုက်မိရာ ထော်လာဂျီယာဉ်ပေါ်တွင် လိုက်ပါလာသူ ဦးမောင်လှမှာ သေဆုံးပြီး မာတေးအိုနှင့် ဦးရှွမ်းတို့မှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း လိရယ်(ခ)ဂျွန်ဝါးနီ နှင့် ဆီဖိုးနယ်(ခ)မောင်နဲ့တို့အား လှိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**



## မိုးကောင်းမြို့နယ်၌ အမျိုးသားတစ်ဦး သစ်ပင်ပိ၍ သေဆုံး

**မိုးကောင်း ဒီဇင်ဘာ ၁**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက မီးသွေးဖုတ်ရန် သစ်ပင်ခုတ်သူ အမျိုးသား တစ်ဦး သစ်ပင်ပိ၍သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာနေ ကျော်လွင်ဦး၊ အောင်သူရနှင့် သဇင်ရွှေတို့သုံးဦးသည် မိုးကောင်းမြို့နယ် ဒလီရွာဟောင်းသာခေါင်တောအတွင်း လုံးပတ် လေးပေ ခန့်ရှိ သစ်ပင်အား မီးသွေးဖုတ်ရန် ခုတ်ရာ သစ်ပင်မှာ လဲကျပြီး ကျော်လွင်ဦး၏အပေါ်သို့ ပိမိသေဆုံးခဲ့ သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## လှည်းကူးမြို့နယ်၌ တရားမဝင် ပျဉ်းကတိုးခွဲသားများတင်ဆောင်လာသောယာဉ် ဖမ်းမိ

**ရန်ကုန် ဒီဇင်ဘာ ၁**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းမှ တရားမဝင် ပျဉ်းကတိုးခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီခန့်တွင် ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင် ဦးစီးသောအဖွဲ့သည် ရန်ကုန်-မန္တလေးသွား အမြန်လမ်းပေါ်တွင် တရားမဝင်သစ်များ သယ်ဆောင်မှုကို ဖမ်းဆီးရေးဆောင်ရွက်နေစဉ် မိုင်တိုင်အမှတ် (၃၀/၄) အနီး တွင် သစ်များတင်ဆောင်လာသည့် ယာဉ်တစ်စီးကို ရပ်တန့်ခိုင်းရာ အဆိုပါယာဉ်မှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လှည်းကူးမြို့နယ် သစ်တော ဦးစီးအရာရှိ ဦးတင်ထွဏ်းအဖွဲ့နှင့် သတင်းချိတ်ဆက် ဆောင်ရွက်ခဲ့ပြီး မိုင်တိုင်အမှတ်(၂၆/၇)နေရာမှ စောင့်ဆိုင်း ဖမ်းဆီးရာ ယာဉ်မောင်းမှာ ယာဉ်အား ရပ်တန့်ပြီး ထွက်ပြေးသွားသဖြင့် ဆက်လက်ရှာဖွေရာ အဆိုပါ ယာဉ်အတွင်းမှ တရားမဝင် ပျဉ်းကတိုးခွဲသား ၇၁ ချောင်း (၁ ဒသမ ၈၅၈၄ တန်) ရှာဖွေတွေ့ရှိသဖြင့် လှည်းကူး မြို့နယ် ဖောင်ကြီးရဲစခန်းက ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်နှင့် ပစ္စည်းပိုင်ရှင်တို့ကို ရှာဖွေဖော်ထုတ်အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဒလ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၁**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့ ရာဇသင်္ကြန်ရပ်ကွက်တွင် ဒီဇင်ဘာ ၁ ရက်က အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ် ဆေးပြားများသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဒလမြို့မရဲစခန်းမှ ရဲတပ်ကြပ် သန်းစိန်၊ ရဲဒုတပ်ကြပ် ဝင်းမောင်မောင် တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် နံနက် ၀၀:၃၀ နာရီ တွင် ဒလမြို့ ရာဇသင်္ကြန်ရပ်ကွက် ကျော်ထင်အနော်ရထာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့် လမ်းမပေါ်တွင် ကျော်သန်းထွေး(ခ)အထွေးအား တွေ့ရှိသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ပြား ၄၄ ပြား၊ ဖုန်းတစ်လုံးနှင့် ငွေကျပ် ၁၆၇၅၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်သန်းထွေး(ခ)အထွေး ကမာကသွယ်ရပ်ကွက် ဒလမြို့နယ်နေသူအား ဒလမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက် ရှိကြောင်း သိရသည်။


**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**




# ဈေးချိုအစစ်ကို မသိကြတော့ဘူး

**ဆူးငှက်**



၁၉၈၀ ဝန်းကျင် ဈေးချိုတော်။

သည်ကနေ့ အသက်၂၀ကျော်အရွယ် လူငယ်လေးတွေက မန္တလေးရဲ့ အသည်းနှလုံး မူလဈေးချို အစစ်အကြောင်း မသိကြတော့ပေ။ အထူးသဖြင့် သာမန်လူငယ်များထက် မီဒီယာများနှင့် ပတ်သက်သော လူငယ်များ မသိကြခြင်းက အရုပ်ဆိုးသည်။ မူလဈေးချိုအစစ်ဆိုသည်မှာ ဤသို့ဖြစ်သည်။

## ဈေးသည် တိုင်းပြည်၏ ဝမ်းစာ

မန္တလေးမြို့သစ် နန်းသစ်တည်ကတည်းက ခုနစ်ဌာန အပါအဝင် မြို့ပြမြေယာတွင် ဈေးများလည်း ပါရှိခဲ့သည်။ ဈေးသည် တိုင်းပြည်၏ ဝမ်းစာဖြစ်သည်။ တိုင်းပြည်စီးပွားရေး၏ပြဒါးတိုင်ဖြစ်သည်။ ထို့ကြောင့် မန္တလေးရတနာပုံ၏ ရွှေမြို့တော်တည်ဆောက်သောအခါ ဈေးများကို စနစ်တကျနေရာချခဲ့သည်။

မန္တလေးအနောက်ပြင် ကျယ်ဝန်းသောနေရာတွင် လက်ကားဈေးကြီးတစ်ဈေးဖြစ်သော "မလွန်ဈေး" ရှိသည်။ ရေလမ်းခရီးဖြင့် ရောက်ရှိလာမည့် ကုန်ပစ္စည်းများအတွက် ရေဝတီနှင့်လည်း နီးသည်။ ရှမ်းပြည်နယ်မှ ဆင်းလာမည့် တောင်ပေါ်ကုန်များအတွက် ရှမ်းကုန်သည်များ စတည်းချရာ ရှမ်းပွဲရုပ်၊ ဒေးဝန်းရပ်နှင့်လည်း နီးသည်။ မတ္တရာနယ်တစ်ဝိုက်မှ ထွက်ရှိသော ကွမ်း၊ ကွမ်းရွက်နှင့် အသီးအနှံများ ဝင်ရောက်လာရာ ရွှေတချောင်းရေရှင်မြောင်းနှင့်လည်း အရှေ့နှင့်အနောက် ကပ်လျက်ဖြစ်သည်။

## မလွန်ဈေး

မလွန်ဈေးက (ယခု) ၃၁လမ်းနှင့် ၃၄လမ်းကြား တောင်မြောက်ရှည်၍ အရှေ့အနောက်အနေဖြင့်မူ ၈၅လမ်းမှ ၈၆လမ်းကြား တစ်ပြကျယ်သည်။ ပေအနေဖြင့်တွက်ပါမူ တောင်မြောက် ပေ၂၀၀၀ နီးပါးရှည်၍ အရှေ့အနောက်၊ ပေ ၆၀၀ နီးပါးကျယ်သည့် ဈေးကြီးဖြစ်သည်။ ဈေးကြီးဖွဲ့စည်းပုံတွင် သူ့ကုန်ပစ္စည်းအမျိုးအစားလိုက် တူရာစုကာ တစ်ထပ်မျှရှိသော လုံခြုံသည့် အဆောက်အအုံများဖြင့်လည်း ရောင်းချရသည်။ မြောက်မှစ၍ အရှေ့အနောက် ၃၁လမ်းကို မလွန်ဈေးတွင် မြောက်ယွန်းတန်းဟု ခေါ်သည်။ ထို့နောက် တောင်ဘက်တစ်ပြ ၃၂ လမ်းကို တောင်ယွန်းတန်းဟု ခေါ်တွင်ပြီး ထိုနှစ်လမ်းအကြား တစ်ပြအရှည်တွင် တောင်မြောက်တိုးလျှိုပေါက် အနောက်မှစ၍ အိုးတန်း၊ ခဲလန်တန်း၊ ငါးပိတန်း၊ ထန်းလျက်တန်း၊ ထုံးတန်းဟူ ၍ ရှိသည်။ ဈေးတန်းများအကြား လှည်းနှစ်စီးရှောင်နိုင်သည့် လမ်းရှိသည်။ ဤပုံစံအတိုင်း ၃၂ လမ်း၊ တောင်ယွန်းတန်းနှင့် ၃၃လမ်း ကျောက်စိမ်းတန်းအကြားတွင် ကြက်သွန်တန်း၊ ချင်းတန်း၊ ငါးပိတန်း၊ ဆားတန်း၊ ကွမ်းသီးတန်းဟူ၍ လည်းကောင်း၊ ၃၃ လမ်း ကျောက်စိမ်းတန်းနှင့် ၃၄ လမ်း ညောင်ဇင်တန်းအကြားတွင် နီပါးတန်း၊ ပွတ်တန်း၊ ဆေးရိုးဝင်းဟူ၍ သူ့ပစ္စည်းသူ့အတန်းနှင့်သူ လမ်းများခြား၍ စနစ်တကျတည်ပေးခဲ့သည့် လက်ကားပွဲရုံဈေးကြီး ဖြစ်သည်။ ယခုတိုင် ရောင်းဝယ်ဖောက်ကားဆဲဖြစ်၏။

## မလွန်ဈေးကို ကြိုသောကြောင့်

လက်ကားဈေးကြီးဖြစ်သော မလွန်ဈေးကို ကြိုသည့် ဈေးတစ်ဈေးလည်း မြောက်ဘက်မလှမ်းမကမ်းတွင် အတူတည်ထားခဲ့သည်။ မလွန်ဈေးကို ကြိုသောကြောင့် "ဈေးကြို"ဟု ခေါ်တွင်သည်။ "ဈေးကြို"ကို နောက်တစ်ခါ "ဈေးချိုတော်"ဟု ခေါ်တွင်ခဲ့သည်။ ဈေးကြိုများက ယခင်မင်းနေပြည်များဖြစ်ခဲ့သော အင်းဝနေပြည်တော်၊ အမရပူရနေပြည်တော်၏ ပန္နက်များတွင်လည်း ပါရှိခဲ့သည်။

"ဈေးကြို"၏ မူလနေရာသည် ယခုငါးပိတန်း လက်ကြား (ဈေးချိုတော်တိုက်တန်းကြီး၏ အရှေ့ဘက်) ၂၆ ဘီလမ်း (အာဇာနည်လမ်း)နှင့် ၂၇ လမ်း (ဘာဘူတန်း) ကြားနေရာများ ဖြစ်သည်။ မူလမန္တလေး "ဈေးကြို"က အမရပူရ "ဈေးကြို"ပုံစံအတိုင်း တည်ဆောက်ခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် မူလ "ဈေးကြိုတော်" ကို ပြင်ဆင်တည်ဆောက်လိုက်၏။ သစ်သားများဖြင့်သာ ပြန်လည်တည်ဆောက်ခဲ့သည့် အဆိုပါ ဈေးကြို (ဈေးချို) မှာ ၁၉၀၂ ခုနှစ် ဧပြီ ၁၂ ရက် (သက္ကရာဇ် ၁၂၆၃ ခုနှစ် တန်ခူးလဆန်း ၅ ရက်)တွင် မီးကြီးလောင်ကျွမ်းသည်။

ထို့နောက် နှစ် ၉၀ ကျော်ကြာ သက်တမ်းရှည်၍ ကမ္ဘာကျော်ခဲ့သော ၁၂ ရုံ အုတ်တိုက် ဈေးချိုတော်ကြီးကို "အုတ်ကာသွပ်မိုး" ဟူသော နေ့နာမ်သင့်အတိုင်း ၁၂၆၅ ခု (၁၉၀၃ ခု)တွင် တည်ဆောက်ခဲ့သည်။

ဗိသုကာမှာ မန္တလေးမြူနီစီပယ်၏ ပထမဆုံးအတွင်းရေးမှူး အီတလီလူမျိုးဖြစ်သည်။

## အေ၊ ဘီ၊ စီ ဟူ၍

၂၆ဘီလမ်း (အာဇာနည်လမ်း)မှ တောင်ဘက် ၂၈ လမ်း (သံဖြူတန်း)အထိ နှစ်ပြ(ပေ ၁၅၀၀ နီးပါး) ရှည်၍ အရှေ့အနောက်အနေဖြင့် ၈၄ လမ်းအထိ တစ်ပြ (ပေ ၆၀၀ နီးပါး) ကျယ်သည်။ အုတ်တိုက် သွပ်မိုးရုံကြီး ၁၂ ရုံ ပါရှိ၏။ တောင်မြောက်အလျားလိုက်ရှိသော ရုံကြီးသုံးရုံတွဲပြီးကြားတွင် မလွယ်ပေါက်။ ထို့နောက် နောက်ထပ်သုံးရုံတွဲပြီး အလယ်တွင် ကျယ်ဝန်းသော အလယ်ပေါက်ကြီးထားရှိကာ ထိုပုံစံအတိုင်း တောင်ဘက်တွင်လည်း ခြောက်ရုံတွဲရှိသည်။ အေ၊ ဘီ၊ စီ ဟူ၍ နာမည်ပေးပြီး အယ်လ် အထိရှိသည်။ ရုံအလိုက် အမျိုးအစားတူ ကုန်ပစ္စည်းများကိုပဲ တစုတစည်းတည်း ရောင်းချကြသည်။

ကြားတန်းများမပါဘဲ တစ်ရုံလျှင် ဆိုင်ခန်းပေါင်း ၁၆၀ ရှိသည်။ ၁၂ ရုံတွင် ဆိုင်ခန်းပေါင်း ၂၀၀၀ နီးပါး ရှိမည်။ ထိုအရေအတွက်သည် ရုံကြီးအတွင်း ဝင်လမ်း၊ ထွက်လမ်း၊ ဝင်ပေါက်၊ ထွက်ပေါက်များ မူလအတိုင်း မပျက်မယွင်းရှိစေရန် နှစ် ၉၀ စလုံး နေရာချထားခဲ့သည့်စနစ်ဖြစ်သည်။ ထို့ကြောင့် မည်သည့်သဘာဝအန္တရာယ်နှင့် ရင်ဆိုင်ရသည်မဆို ဝင်လမ်း၊ ထွက်လမ်း ရှင်းသည်။ ထို့ပြင် မလွယ်ပေါက်လမ်းများနှင့် အလယ်ပေါက်လမ်းမကြီးများပေါ်တွင် ယာဉ်များ၊ အထူးသဖြင့် မီးသတ်ကားများ လွယ်ကူစွာ ဝင်နိုင်ပြီး ထွက်လမ်းများလည်း ရှိသည်။ ထိုလမ်းများပေါ်၌ မီးသတ်ရေကန်များလည်း ရှိသည်။ ရုံတစ်ရုံနှင့် တစ်ရုံကြားတန်းများတွင်လည်း မီးသတ်ကန်များထားရှိကာ ရေအပြည့်ရှိသည်။

## ဗိုလ်ချုပ်အောင်ဆန်းလမ်း

မန္တလေးဈေးချိုတော်တွင် ရုံကြီး ၁၂ ရုံအပြင် အရှေ့ဘက်၌ ၈၄ လမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)ကို မျက်နှာပြု၍ ၂၆ ဘီလမ်းနှင့် ၂၈ လမ်းကြား၌ တိုက်တန်းကြီး တည်ရှိပြီး ၂၆ ဘီလမ်း၊ ၈၄ လမ်းနှင့် ရွှေတချောင်းမြောင်းကြားတွင် တိုက်တန်းလေးတည်ရှိသည်။ ၁၉၇၀ ဝန်းကျင်တွင် အဆိုပါ တိုက်တန်းလေးကို ဖျက်သိမ်းပြီး မန္တလေးမြူနီစီပယ် (ယခုစည်ပင်သာယာရေးကော်မတီ)က မြို့တော်ခန်းမ(၂)နှင့် မြို့တော်ခန်းမ(၃)ဟူ၍ ခေတ်မီနှစ်ထပ်တိုက်တန်းကြီး တည်ဆောက်ခဲ့သည်။ အပေါ်ထပ်တွင် ခန်းမများထားရှိပြီး အောက်ထပ်တွင် ကုန်ပဒေသာဆိုင်များ၊ ရုံးခန်းများနှင့် တစ်ချိန်က နာမည်ကျော်ကြားခဲ့သည့် မန္တလေးတိုင်းသမဝါယမအသင်းစု၏ သမဝါယမစာနယ်ဇင်း စာအုပ်အရောင်းဆိုင်ကြီးတို့ ဖွင့်လှစ်ခဲ့၏။

မြို့တော်ခန်းမ(၂)နှင့် ခန်းမ(၃)တို့တွင် မင်္ဂလာညည့်ခံပွဲများ ကျင်းပလေ့ရှိပြီး ယခုအခါ ခန်းမ(၃) နေရာတွင် ရတနာပုံဘဏ်အဆောက်အအုံနှင့် အရောင်းပြခန်းများ ပြုပြင်တည်ဆောက်ခဲ့သည်။ ဈေးချိုတော်ပင်မရုံကြီး ၁၂ ရုံ၏ တောင်ဘက်ခြမ်းရုံ ခြောက်ရုံတွဲ၏ အနောက်ဘက်တွင် ပန်းတန်း၊ ထိုးမုန့်တန်း၊ သံဖြူတန်းလေး၊ မုန့်စုံတန်းတို့ တည်ရှိပြီး မြောက်ဘက် ခြောက်ရုံတွဲ၏ အနောက်ဘက်တွင် ငှက်ပျောတန်း၊ မွေ့ရာတန်း၊ လင်းရောင်ခြည်ဈေးတန်း၊ အောင်ဈေးတန်းတို့ တည်ရှိသည်။

## သံဖြူတန်းကြီး

ဈေးချိုတော်ကြီး၏ တောင်ဘက် ၂၈လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြားကို သံဖြူတန်းကြီးဟု ခေါ်တွင်ပြီး သံသေတ္တာများ၊ သံဖြူနှင့်ပတ်သက်သော အထည်များ ရောင်းချကြသည်။ ထို့ပြင် ပွဲရုံများလည်း တည်ရှိသည်။ သံဖြူတန်းကြီးတွင် ဦးခင်မောင်၏ ရွှေဥဒေါင်းသံသေတ္တာဆိုင်တည်ရှိသလို မြန်မာပညာရှိကြီး ရွှေပြည်ဦးဘတင်၏ တိုက်လည်းရှိသည်။ ထို့ပြင် မြို့မဒိုးတီးအကျော် ဦးလှဒင်ကလည်း သံဖြူတန်းကြီးတွင် နေထိုင်သည်။ ထို ၂၈ လမ်းကိုပင် ၈၅ လမ်းနှင့် ရွှေတချောင်းကြားကို အိုးတန်းကြီးဟု ခေါ်ပြီး မြေအိုး၊ စဉ့်အိုးများ ရောင်းချသည်။ အိုးတန်းကြီးနှင့် တစ်ဆက်တည်း ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ ၈၅ လမ်းနှင့် ရွှေတချောင်း ကြားမှာ ထီးတိုင်ဈေးဖြစ်ပြီး မနက်ပိုင်းတွင် ကုန်စိမ်းများ၊ ပန်းများရောင်းချပြီး စားသောက်ကုန်၊ ကုန်ခြောက်နှင့် ပွဲရုံများလည်း တည်ရှိသည်။

၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ၈၆ လမ်းပေါ်တွင်လည်း မုန့်စုံတန်းနှင့် ပျံကျဈေးတန်းတို့ တည်ရှိပြီး အဆိုပါ ၈၆ လမ်းပေါ်တွင် ဆင်ကြီးနှစ်ကောင်ရှိသည်။

## ဆင်ကြီးနှစ်ကောင်

ဆင်ကြီး နှစ်ကောင်ဟူသည်မှာ ၈၆ လမ်းမှ အနောက်ဘက်အိမ်တော်ရာဘုရားအရှေ့မုခ်အထိတည်ဆောက်ထားသော အုတ်တံတားကြီး၏ ထိပ်၌တည်ရှိကာ အုတ်ဆင်ရုပ်ကြီးနှစ်ကောင်ကို အစွဲပြုကာ ထိုနေရာကို "ဆင်ကြီးနှစ်ကောင်" ဟု ခေါ်ဝေါ်ကြသည်။ အိမ်တော်ရာဘုရားကို မန္တလေးမြို့တည်၊ နန်းတည်နှစ်မတိုင်မီ ၁၂၀၉ ခုနှစ်တွင် ပုဂံမင်းက သူ၏အိမ်တော်နေရာတွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ဆင်တံတားမှာ အိမ်တော်ရာစေတီတော်ကြီးပြီးမှ တည်ဆောက်ခြင်းဖြစ်ပြီး တံတားဒါယကာမှာ "နိဗ္ဗာနပစ္စယနာဂဆဒ္ဒန်ဆင်မင်း" ကြီးဖြစ်သည်။ ထိုဆင်မင်းမှာ ဘိုးတော်ဘုရားလက်ထပ်တွင် ဟံသာဝတီတောင်ဘက် နိဗ္ဗာန်ရွာ၏ အရှေ့ဘက် ကုန်းသာယာအမည်ရှိ တောတွင်းမှ ဖမ်းယူရရှိပြီး တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်ဖြစ်သည်။ ပုဂံမင်းက အိမ်တော်ရာစေတီတော် တည်ထားပြီးနောက် ၁၂၁၀ ခုနှစ်တွင် ဆင်မင်းပိုင်ငွေတော်များဖြင့် အုတ်တံတားကြီး တည်ဆောက်ကာ တံတားဦးတွင် အုတ်ဆင်ရုပ်ကြီးနှစ်ရုပ် တည်ဆောက်ပြီး အလှူတော်ပြုလုပ်ပေးခဲ့၏။

**မလွန်ဈေးကိုကြိုသောကြောင့် "ဈေးကြို" ဟု ခေါ်တွင်သည်။ "ဈေးကြို"ကို နောက်တစ်ခါ "ဈေးချိုတော်"ဟု ခေါ်တွင် ... ဈေးချိုတော်ပင်မရုံကြီး ၁၂ ရုံ၏ တောင်ဘက်ခြမ်းရုံ ခြောက်ရုံတွဲ၏ အနောက်ဘက်တွင် ပန်းတန်း၊ ထိုးမုန့်တန်း၊ သံဖြူတန်းလေး၊ မုန့်စုံတန်းတို့ တည်ရှိပြီး မြောက်ဘက်ခြောက်ရုံတွဲ၏ အနောက်ဘက်တွင် ငှက်ပျောတန်း၊ မွေ့ရာတန်း၊ လင်းရောင်ခြည်ဈေးတန်း၊ အောင်ဈေးတန်းတို့ တည်ရှိ ...**

စာမျက်နှာ ၁၇ သို့

# တောင်ငူတွင် ရှမ်းနှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော် ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁**
(၂၇) ကြိမ်မြောက် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာတွင် နိုဝင်ဘာ ၃၀ ရက် ညနေ ၅ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့ တက်ရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးတို့က ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်အတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးဝင်းက ရှမ်းနှစ်သစ်ကူးအထိမ်းအမှတ်လက်ဆောင်တို့အား ပဲခူးတိုင်းဒေသကြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဒေါ်နန်းကျင်ဦးနှင့် ရှမ်းနှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့ထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှု ဥက္ကဋ္ဌ ဒေါ်နန်းကျင်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး ရှမ်းတိုင်းရင်းသားများက ရှမ်းရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**




# မြစ်ကြီးနားမြို့တွင် ကောက်သစ်စားကျေးဇူးတော်ချီးမွမ်းပွဲ ကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၁**
ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အထက(စီတာပူ)၌ ကျင်းပသည့် အင်ခိုင်ဘွမ်ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကချင်ရိုးရာ ကောက်သစ်စားကျေးဇူးတော်ချီးမွမ်းပွဲများသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် နောင်နန်းရပ်ကွက် တြီနီတီနှစ်ခြင်းအသင်းတော်ဘုရားကျောင်း၌ ကချင်တိုင်းရင်းသားရိုးရာ 'Nlung (Shat) N'nan Sha Poi (အင်လုံ အင်နန် ရှားပွဲ) ဟုခေါ်ဆိုသည့် ကောက်သစ်စားကျေးဇူးတော်ချီးမွမ်းပွဲနှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်က အသင်းတော်အတွက် အလှူငွေကျပ်သုံးသိန်းနှင့် ဘင်ခရာအဖွဲ့နှင့် ကဗျာရွတ်ဆိုသောလူငယ်အဖွဲ့တို့အား တစ်ဖွဲ့လျှင် ငွေကျပ်နှစ်သိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အသင်းတော်မိသားစုများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ ကောက်သစ်စားခြင်းအတွက် နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ဆက်လက်၍ တပ်ကုန်းရပ်ကွက် ဂါလိလဲနှစ်ခြင်းအသင်းတော်ကျောင်း၌ ကောက်သစ်စားကျေးဇူးတော်ချီးမွမ်းပွဲသို့ တက်ရောက်အားပေးခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**



# ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် လူထုလမ်းလျှောက်ပွဲ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် နိုဝင်ဘာ ၃၀ ရက် နံနက် ၆ နာရီက ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲကို ပြည်နယ်လေ့ကျင့်ရေးရုံ အားကစားကွင်းရှေ့၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီးဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်နယ်အားကစားလေ့ကျင့်ရေးရုံရှေ့မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း လမ်းလျှောက်ပြီး စူဠာမုနိ လောကချမ်းသာစေတီတော်ရင်ပြင်တွင် သွေးပူလေ့ကျင့်ခန်းအတွဲ(၁)၊ အတွဲ(၂) ပြုလုပ်ကြသည်။

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် လူထုလမ်းလျှောက်ပွဲ ပထမအပတ်တွင် စုစုပေါင်းအင်အား ၃၀၀၀၀ ကျော် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် Media Professional Seminar သို့ တက်ရောက်ရန် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကျင်းပမည့် 2019 Seminar for Media Professional from Myanmar သို့ တက်ရောက်မည့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သူဇာနွယ်(ဖျာပုံ)နှင့် အရန်ကော်မတီဝင်၊ ဦးအောင်မျိုးထွန်း၊ ဒေါ်သင်းသင်းအောင်နှင့် ဒေါ်ခိုင်ဇာနည်မောင်တို့ လိုက်ပါသွားခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်မှ ၂၃ ရက်အထိ ဆွေးနွေးပွဲတက်ရောက်ကြမည်ဖြစ်သည်။

**လင်းသန့်**

# မန္တလေးမြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲတွင် စက်ဘီးစီးအားကစားသမား ၉၅၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၁**
စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ်တွင်ကျင်းပလျက်ရှိရာ (၄၂) ကြိမ်မြောက် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ပြုလုပ်သည်။



မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးနှင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် အား/ကာလက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်အားကစားမှူးများနှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မြို့တို့မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အား/ကာသိပ္ပံမှ စက်ဘီးစီးသမားများ၊ ကျောင်းသား ကျောင်းသူများ သက်ကြီး၊ သက်လတ်၊ သက်ငယ်စက်ဘီးစီး အားကစားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများ စုပေါင်းစက်ဘီးစီးနင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

စက်ဘီးစီးအဖွဲ့ဝင် ၉၅၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း ၈၂ လမ်းသို့ထိုမှ ၃၈ လမ်း၊ ၇၃ လမ်း၊ ထိုမှ လမ်း ၃၀ မှ ၇၁ လမ်းအတိုင်း မြို့ပတ်၍ ၂၆ လမ်းသို့ ထိုလမ်းအတိုင်း မြို့ပတ်ကာ ၂၆ လမ်း ကျုံးတောင်ဘက်တာလွှတ်စုရပ်နေရာအထိ စက်ဘီးစီးနင်းကြပြီး ပြန်လည်ပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှား ကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**
မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ် (MCF) မှ (၆၁) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲ ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကို နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုလက်ရွေးစင်စက်ဘီးအားကစားသမားများ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် စက်ဘီးစီးအားကစား ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ် (MCF) မှ ပြိုင်ပွဲအမျိုးအစားများအလိုက် ပြုလုပ်မည့် ပြိုင်ပွဲအမျိုးအစားများတွင် BMX အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲ (Road Race) နှင့် ကွင်းပတ်စက်ဘီးစီး (Criterium) ပြိုင်ပွဲ၊ အသင်းလိုက်စံချိန်ပြုပြိုင်ပွဲ (Road Race)၊တာဝေး စက်ဘီးပြိုင်ပွဲ၊ Downhill စက်ဘီးပြိုင်ပွဲ၊ Cross Country စက်ဘီးပြိုင်ပွဲတို့ ပါဝင်သည်။ **မြင့်မောင်**

## ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဒလမြို့နယ်ရှိ အထင်ကရနေရာများနှင့် လူနေမှုဘဝပုံစံများ လည်ပတ်လေ့လာ



**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်မြို့၏ မြစ်တစ်ဖက်ကမ်း၌ တည်ရှိသော ဒလမြို့နယ်သို့ ကမ္ဘာလှည့်ခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များ နေ့စဉ်နှင့်အမျှ ဝင်ရောက်လည်ပတ်လျက်ရှိရာ ခရီးသွားရာသီ ပွင့်လင်းကာလတွင် လည်ပတ်လေ့လာမှု ပို၍များပြားလျက်ရှိသည်။

အဆိုပါခရီးသွားဧည့်သည်များသည် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှတစ်ဆင့် ဒလဆိပ်ကမ်းသို့ ချယ်ရီသင်္ဘောကူးတို့ရေယာဉ်များဖြင့် စီးနင်းလိုက်ပါပြီး ဝင်ရောက်လည်ပတ်ကြသည်။ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ဥရောပနိုင်ငံသားအများစု ပါဝင်သော ကမ္ဘာလှည့်ခရီးသည် ၂၃ ဦးတို့သည် ဒလမြို့နယ်ရှိ အထင်ကရနေရာများနှင့် လူနေမှုဘဝပုံစံများကို လည်ပတ်လေ့လာကြကြောင်း မြင်တွေ့ရသည်။

အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ စပိန်၊ ဩစတြေးလျ၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည် ၂၃ ဦး၊ ဧည့်လမ်းညွှန် ဦးတင်မောင်မောင်၊ Myanmar Voyages Internation Tourism မှ ဝန်ထမ်းနှစ်ဦး စုစုပေါင်း ၂၆ ဦးတို့သည် ဒလသင်္ဘောဆိပ်ကမ်းမှ အနေးယာဉ်များ စီးနင်းလိုက်ပါပြီး ဒလမြို့နယ် မြို့မ (၃) ရပ်ကွက် မြို့မဇေယျဝတီ စာသင်တိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆုတောင်းပြည့် ရွှေစာရံစေတီတော်မြတ်ကြီး၊ ရဟန္တာဦးပညာ စံကျောင်း၊ ဗညားဒလရပ်ကွက်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများဖြင့် စည်ကားနေသည့် အောင်ဇေယျဈေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝပုံစံများကို လည်ပတ်လေ့လာခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ စုစုပေါင်း ၂၆၀၇၄ ဦး၊ အောက်တိုဘာလတွင် ခရီးသွားဧည့်သည် စုစုပေါင်း ၂၁၂၂ ဦး စီးနင်းလိုက်ပါလျက်ရှိကြောင်း ရန်ကုန် ပန်းဆိုးတန်းဆိပ်ကမ်းမန်နေဂျာ ဒေါ်ခင်ခင်နုထံမှ သိရသည်။

နိုဝင်ဘာ ၂၉ ရက်က မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးမှ လိုက်ပါလာသော ဥရောပနိုင်ငံသားအများစုသည် ဒလမြို့နယ်အတွင်း နိုဝင်ဘာ ၂၉ ရက်က ၂၂ ဦး၊ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ၂၃ ဦးတို့ လည်ပတ်လေ့လာခဲ့ပြီး ဒီဇင်ဘာ ၂ ရက်အထိ လေးရက်တိုင်တိုင် ကမ္ဘာလှည့်ခရီးသည်များသည် ဒလမြို့နယ်အတွင်းသို့ လည်ပတ်လေ့လာသွားကြမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

## လူထုဒေါ်အမာ (၁၀၄) နှစ်မြောက် အထိမ်းအမှတ် တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁**

မြန်မာ့စာပေလောကနှင့် သတင်းစာလောကတွင် ထင်ရှားကျော်ကြားပြီး အမှန်တရားနှင့် ပြည်သူလူထုဘက်မှ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကလောင်အစွမ်းဖြင့် ဆောင်ရွက်နိုင်ခဲ့သော စာရေးဆရာ၊ သတင်းစာဆရာမကြီး လူထုဒေါ်အမာ (၁၀၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို အမရပူရမြို့ တောင်သမန်အင်းစောင်းရှိတောင်လေးလုံးကျောင်းတိုက် သုဓမ္မာဘုရားရင်ပြင်၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ဘဝအလင်းဆရာတော်ဘဒ္ဒန္တသောဘိတအရှင်သူမြတ်က ဩဝါဒကထာမိန့်ကြားတော်မူပြီး ကိုလေး-အင်းဝဂုဏ်ရည်၊ ဆရာမုံရွာအောင်ရှင်၊ ဆရာအံ့မောင်၊ ဆရာဦးထွန်းအောင်ကျော် (တရားလွှတ်တော်ရှေ့နေ)၊ ဆရာစိုးနိုင် (မန္တလေးတက္ကသိုလ်)၊ ဆရာမောင်တိက္ခ (ဆားထုံး) နှင့် ဂီတစာဆို ချင်းတွင်းကျော်စွာလှိုင်တို့က အမှတ်တရစကားများ ပြောကြားကြသည်။

၁၉၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက် အသက် (၇၀) ပြည့်မွေးနေ့ကစပြီး မွေးနေ့ အထိမ်းအမှတ်ပွဲများကို တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပသည်။

၂၀၀၈ ခုနှစ် ဧပြီလ ၇ ရက် နံနက် ၈ နာရီ ၃၇ မိနစ်တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။ **တင်မောင် (မန်းကိုယ်ပွား)**



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အေးချမ်းသာကျေးရွာ အလယ်တန်းကျောင်း၌ ဇဂျမ်းရဲကင်းစခန်းမှူး ရဲအုပ်စံလှက ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာလနောက်ဆုံးပတ်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။ ခင်ဇာမွန်မြင့်

## ပွင့်လင်းရာသီတွင် ဒိနဆုတောင်းတောင်သို့ တက်ရောက်သူများပြားလာ



ပူတာအို ဒီဇင်ဘာ ၁

ဒိနဆုတောင်းတောင်သည် ပူတာအိုမြို့၏ အနောက်တောင်ဘက်တွင်တည်ရှိရာ ပွင့်လင်းရာသီရောက်လာသည်နှင့်အညီ တက်ရောက်သူများပြားလာကြောင်း သိရသည်။

ဒိနဆုတောင်းတောင်ကို ၂၀၁၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ တောင်ခြေအထိ ရောက်ရှိနိုင်ရန်အတွက် မြို့ပေါ်မှ မိနစ် ၂၀ ခန့်ကြာ မော်တော်ဆိုင်ကယ်၊ သုံးဘီးများဖြင့် သွားလာနိုင်ပြီး တောင်ခြေမှတစ်ဆင့် ဆုတောင်းတောင်ထိပ်သို့ တစ်နာရီခွဲခန့်ကြာ ခြေကျင်ခရီးဖြင့် တက်ရောက်ရမည်ဖြစ်သည်။

အဆိုပါ ဒိနဆုတောင်းတောင်သည် စိတ်ငြိမ်အေးချမ်းစွာ အချိန်ယူဆုတောင်းနိုင်သော နေရာတစ်နေရာဖြစ်သည်နှင့်အညီ လူမျိုးဘာသာမရွေး မည်သူမဆို တက်ရောက်၍ အာရုံပြုဆုတောင်းနိုင်ရန် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် လူဦးရေ ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

## မိုးကောင်း၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**မိုးကောင်း ဒီဇင်ဘာ ၁**

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ WORLD AIDS DAY အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ မိုးကောင်းမြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုးကောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်စံက ကမ္ဘာ့ခုခံအားကျရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ **ဝင်းနိုင်(ကချင်မြေ)**

**စာမျက်နှာ ၁၅ မှ**

### အိမ်တော်ရာထီး

ထိုဆင်တံတားပေါ်တွင် ယခင်က မန္တလေးမြို့၏ နာမည်ကြီး အိမ်တော်ရာထီးများကို ထုတ်လုပ်ရောင်းချခဲ့သည်။ အိမ်တော်ရာထီးသည် ရဟန်းဆောင်း၊ လူဆောင်းသာမက မိန်းမပျိုကလေးများပင် နှစ်သက်စွာဆောင်းကြသည်။ အိမ်တော်ရာထီးကို တစ်ပြည်လုံးကျယ်ပြန့်စွာရောင်းချရသဖြင့် ထီးရိုးပြုလုပ်သောလုပ်ငန်းအစုအဝေးကြီးပင် ရှိခဲ့ဖူးသည်။ ထိုနေရာကို ထီးရိုးဝင်းဟု ခေါ်တွင်ခဲ့၏။ ယခုအိမ်တော်ရာထီး ပျောက်ကွယ်ခဲ့သည်မှာ ကြာပေပြီ။ ယခုတိုင်မန္တလေးတွင် အခိုင်အမာတည် ရှိနေဆဲဖြစ်သော ပွဲစားကုန်သည် စက်ပိုင်များ၏ ကထိန်တော်အသင်းကြီးသည် ၁၉၃၀ ဝန်းကျင်ကာလများက အိမ်တော်ရာဆင်ကြီး နှစ်ကောင်အနီး ပွဲစားကြီး ဦးသန့်အိမ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ညပိုင်းတွင်လည်း ဈေးချိုတော်ရုံကြီး ၁၂ရုံနှင့် တိုက်တန်းကြီးကြားတွင် ညဈေးတန်းတည်ရှိခဲ့သည်။ နေ့ခင်းပိုင်း မအားလပ်သဖြင့် မဝယ်ခြမ်းရသူများ ဈေးချိုညဈေးတန်းတွင် စိတ်ချလက်ချ ဝယ်ယူနိုင်သည်။ အနယ်နယ်အရပ်ရပ်သာမက နိုင်ငံတကာအထိ စိတ်ဝင်စားခဲ့သော ညဈေးတန်းကြီးဖြစ်သည်။

### ဈေးရပ်ကွက်ကြီး

ဈေးချိုတော်၏ မြောက်ဘက် ၂၅လမ်းနှင့် ၂၆ ဘီလမ်းကြား၊ ၈၆လမ်း ရွှေတချောင်းမြောင်း အရှေ့ဘက်တွင်လည်း မန်းသီရိဈေးဟူ၍ တည်ရှိခဲ့၏။ ယခင်က ပင်လယ်ငါးနှင့် အသားငါးကုန်ခြောက်ဈေးကြီး ဖြစ် သည်။ ယခုအခါ အထပ်မြင့်ဈေးကြီး တည်ဆောက်ပြီး ဖြစ်သည်။ ဈေးချိုတော် တိုက်တန်းကြီး၏ အရှေ့ဘက် ၂၅လမ်းမှ ၂၈လမ်းကြား၊ ၈၃လမ်းမှ ၈၄လမ်းကြားတွင် ဆောက်လုပ်ရေးကုန်မာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဒီဇယ်အင်ဂျင်နှင့် ရေစုပ်စက်ပစ္စည်းများ ရောင်းချကြသည့် ဆိုင်ခန်းကြီးများ တည်ရှိကြသည်။ ယခင်က ၂၇ လမ်းနှင့် ၂၈လမ်းကြား၊ ၈၃ လမ်းနှင့် တောင်ဘက် တိုက်တန်းကြီးကြားတွင် သေတ္တာဝင်းဟု တည်ရှိခဲ့ပြီး ထင်းရှူးသေတ္တာများ၊ ကုန်ပစ္စည်းထည့် အသားကြမ်းသေတ္တာများ ပြုလုပ်ရောင်းချကြသည်။ ဈေးချိုတော်ကြီးကို ဗဟိုပြု၍ မြောက်မှ တောင်ဘက် ၂၅လမ်းမှ လမ်း၃၀ အတွင်း၊ အရှေ့မှ အနောက်သို့ ၈၃လမ်းမှ ၈၈လမ်းအတွင်း နေရာကြီးသည် ဈေးရပ်ကွက်ကြီးဖြစ်ခဲ့၏။ ၂၉လမ်းရှိ ဝါးတန်းရပ်သည်လည်း ဈေးလမ်းမကြီးဖြစ်သည်။ သကျသီဟဘုရား အနီးတွင်လည်း ပွဲရုံတန်း၊ ဆန်တန်းများ တည်ရှိသည်။ အဆိုပါ ဈေးရပ်ကွက်ကြီးလည်း မလွန်ဈေးရပ်ကွက်ကြီးနှင့် တစ်ဆက်တည်း ဖြစ်သွား၏။

### မန္တလေးမြို့၏ စီးပွားရေးအချက်အချာ

ထို့ကြောင့် မလွန်ဈေးနှင့် ဈေးချိုတော်ကြီးသည် မန္တလေးမြို့၏ စီးပွားရေးအချက်အချာ အသည်းနှလုံး ဖြစ်သည်။ မန္တလေးမြို့၏ စီးပွားရေးရေချိန်ကြီး ဖြစ်ခဲ့သည်။ မြန်မာလူမျိုးတို့၏ စီးပွားရေးအတက်အကျ ပြဒါးတိုင်လည်း ဖြစ်ခဲ့သည်။ မြို့တည်ကတည်းက တည်ရှိခဲ့သော အခင်းအကျင်းဖြစ်သဖြင့် ထိုရပ်ကွက်ကြီးများ၊ ဈေးကြီးများ၏ လူမှုဆက်ဆံရေးများသည် မြန်မာ့လူမှုဆက်ဆံရေးစစ်စစ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ဈေးချိုတော်ရုံကြီး ၁၂ ရုံအတွင်းရှိ ဆိုင်ခန်းများမှာ အခန်းမရှိ၊ အကာမရှိ၊ အကန့်မရှိ။ ဟိုဘက်ဆိုင် ဒီဘက်ဆိုင် လှမ်းမြင်နေရသည်။ ဘိုးဘွားမှအစ သားသမီးမြေးမြစ်အထိ ပိုင်ဆိုင်မှုမပြောင်းလဲသဖြင့် အစဉ်အဆက် မိသားစုသဖွယ် ဖြစ်သည်။ ဤသို့ဖြင့် ဈေးရုံတစ်ရုံလုံး မိသားစုဖြစ်၏။ ဈေးရုံတစ်ရုံလုံးသာမက ဈေးချိုတော်ကြီးတစ်ခုလုံးကလည်း မိသားစုများပင် ဖြစ်ခဲ့သည်။

### ၁၉ရာစု ကနဦးအစက ဗိသုကာ

ထို့ကြောင့် ဈေးချိုတော်ရုံကြီး ၁၂ ရုံ၏ သက်တမ်း ၉၀ အတွင်း (၁၉၀၉ ခုနှစ်မှ အဆိုပါရှေးဟောင်းဈေးရုံကြီးများ စတင်ဖျက်သိမ်းသည့် ၁၉၉၁ ခုနှစ်အတွင်း) ဈေးချိုမှ စတင်၍ ကြီးကြီးမားမားမီးဘေးမရှိခဲ့။ ကြီးကြီးမားမား ဆုံးရှုံးမှုမရှိခဲ့။ ယုတ်စွအဆုံး စစ်ကြီးအတွင်းမှာပင် ဈေးချိုတော်က ဘေးမသင့်ခဲ့ပေ။ ၁၉ရာစု ကနဦးအစက ဗိသုကာသည် ရေမြေဒေသနှင့်အညီ ခေတ်မီစနစ်ကျလှပါပေ၏။ ၁၉၀၂ ခုနှစ် ဧပြီလ ၁၂ရက် (သက္ကရာဇ် ၁၂၆၃ခု တန်ခူးလဆန်း ၅ရက်) မီးကြီးလောင်၍ ယခင်သစ်သား ဈေးချိုအဆောက်အအုံကြီး မီးသင့်သောကြောင့် ထိုကဲ့သို့ စနစ်ကျသော အုတ်တိုက်ဈေးချိုတော်ကြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလကြီးမှာပင် ထိုဈေးချိုကြီး မီးဘေးမသင့်ခဲ့။ ၁၉၉၀ ခုနှစ်က ဖျက်သိမ်းလိုက်မှသာ နိဂုံးတံခဲ့ခြင်း ဖြစ်သည်။

❖ ❖ ❖

# လွိုင်ကော်မြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ



**လွိုင်ကော် ဒီဇင်ဘာ ၁**
ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြည်နယ်အတွင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများကို ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၃၀ ရက် နံနက် ၅ နာရီခွဲက လွိုင်ကော်မြို့ နာရီစင်စုရပ်မှစတင်၍ လူထုစုပေါင်းလမ်းလျှောက်ပွဲပြုလုပ်သည်။

နာရီစင်စုရပ်မှစတင်ကာ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်လွှတ်တော်ရုံးရှေ့ ကန္တာရဝတီလမ်းမကြီးအတိုင်း၊ ထိုမှတစ်ဆင့် (၉) လမ်း၊ နောင်ယားလမ်း၊ ခရိုင်ဝန်လမ်းတို့ကိုဖြတ်၍ ကျောက်သားရင်ပြင်သို့ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် ကျောက်သားရင်ပြင်တွင် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အတွဲအမှတ်(၁) နှင့် (၂)၊ ဇွန်ဘာအားကစားလေ့ကျင့်ခြင်းတို့ကို တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ပါဝင်ဆင်နွှဲခဲ့ကြသည့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ဇွန်ဘာလေ့ကျင့်ခြင်းကို စနစ်တကျပြုလုပ်နိုင်ရေးအတွက် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)မှ ကျောင်းသား ကျောင်းသူများနှင့် နည်းပြများက လေ့ကျင့်သင်ကြားပေးခဲ့ကြသည်။

လမ်းလျှောက်ပွဲသို့ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀၀ ကျော် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **လွိုင်ကော်သား**

## စုပေါင်းလမ်းလျှောက်ပွဲများဆင်နွှဲ

**သီပေါ**
လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၅ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာ စုရပ်၌ကျင်းပသည်။

မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများစုစည်း၍ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး မန်ဟဲကျေးရွာအထိ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဒေါ်သန်းရွှေမာ ဦးဆောင်ပြီး စံဖိတ်ကျေးရွာဘောလုံးကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။ **စိုင်း (သီပေါ)**

**လက်ပံတန်း**
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၅ နာရီခွဲက လက်ပံတန်းမြို့ ၁ လမ်းအဝိုင်းမှ စတင်လမ်းလျှောက်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းဦးဆောင်သော မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စုစုပေါင်းလူဦးရေ ၃၀၀ ခန့်သည် ၁လမ်းအဝိုင်းမှ လက်ပံတန်းမြို့နယ်အားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဝင့်နန္ဒာဌေး**



**ဂန့်ဂေါ**
ဒီဇင်ဘာ လူထုအားကစားလလှုပ်ရှားမှုအနေဖြင့် နိုဝင်ဘာ ၃၀ ရက် နံနက်တွင် ဂန့်ဂေါမြို့၌ စုပေါင်းလမ်းလျှောက်ပွဲပြုလုပ်ရာ စုစုပေါင်း ၄၅၆၀ တို့ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ ဗိုလ်ချုပ်လမ်း၊ ဂန့်ဂေါ- အနောက်ဂန့်ဂေါ မြစ်သာ မြစ်ကူးတံတားအနီးမှ မြစ်ရှောင်လမ်း၊ မြို့ပတ်လမ်း၊ ကံ့ကော်ရိပ်သာလမ်းတို့တွင် စုပေါင်းလမ်းလျှောက်ကြ၍ ထိုမှတစ်ဆင့် ဂန့်ဂေါမြို့ အားကစားကွင်း၌ ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ကြကြောင်း သိရသည်။ **စိန်ကျော်**

# လားရှိုး၌ လူထုလမ်းလျှောက်ပွဲနှင့် အားကစားလှုပ်ရှားမှုများပြုလုပ်



**လားရှိုး ဒီဇင်ဘာ ၁**
လားရှိုးမြို့၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၆ နာရီက မြို့တော်ခန်းမစုရပ်မှစတင်၍ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်သည်။


အဆိုပါလူထုလမ်းလျှောက်ပွဲတွင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၇၉၁၈ ဦး ပါဝင်ဆင်နွှဲခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် UNICEFတို့ပူးပေါင်း၍ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် မော်တော်ဆိုင်ကယ်အနှေးစီးပြိုင်ပွဲနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် မောင်းနှင်ခြင်းများသရုပ်ပြပွဲကို ပြည်ထောင်စုဘောလုံးကွင်းပြေးလမ်း၌ ဆက်လက်ကျင်းပသည်။

မော်တော်ဆိုင်ကယ်အနှေးစီးပြိုင်ပွဲကို အမျိုးသား အမျိုးသမီးပွဲစဉ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်၊UNICEFမှ ဦးတင်လေးနိုင် (ရှမ်း/မြောက် တာဝန်ခံ)နှင့် တာဝန်ရှိသူတို့က ဆုများကိုပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး**
**(လားရှိုး)**

# ဒီးမော့ဆိုမြို့နယ်တွင် ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



**ဒီးမော့ဆို ဒီဇင်ဘာ ၁**
ဒုတိယအကြိမ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၅ နာရီခွဲက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကျင်းပရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၁၂၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ လူထုစုပေါင်းလမ်းလျှောက်တွင် ပါဝင်ဆင်နွှဲကြသော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ဒီးမော့ဆိုမြို့နယ် အားကစားကွင်းရှေ့၌ စုရပ်လုပ်ကာ ငွေတောင်ဆည် တာပေါင်အတိုင်း စုပေါင်း လမ်းလျှောက်ကြပြီး ငွေတောင်ဆည်အနီးရှိ ကျောက်တိုင်ကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁)၊ (၂) နှင့် Fitness Dance တို့ကို တပျော်တပါး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## မြိတ်မြို့တွင် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်

**မြိတ် ဒီဇင်ဘာ ၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာတွင် လူထုအားကစားလှုပ်ရှားမှုနှင့် အားကစားအသိပညာပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၃၀ ရက်နံနက် ၅ နာရီခွဲက အထက-၆ အုန်းတောကျောင်းရှေ့ စုရပ်မှစတင်ကာ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

စုပေါင်းလမ်းလျှောက်ရာတွင်အထက-၆ အုန်းတောကျောင်းမှ ဆရာ ဆရာမများ၊ ပြည်သူများ စုစုပေါင်း ၈၀၀ ခန့် စုပေါင်း၍ အထက-၆ အုန်းတောကျောင်းရှေ့စုရပ်မှစတင်ကာတိုးချဲ့ဈေးလမ်း၊ ရွှေပြည်တန်လမ်းမကြီး၊ အောင်မင်္ဂလာလမ်းမကြီးမှ တစ်ဆင့် စာသင်ကျောင်းသို့ပြန်လည်လျှောက်လှမ်းခဲ့ပြီး ကျောင်းအတွင်းတွင် Myanmar Fitness Dance နှင့် ကိုယ်လက်လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး (မြိတ်ပြန်/ဆက်)**




✻ **လပွတ္တာမှ**

လပွတ္တာ(ပင်လယ်လေး) တံတားသစ် အဆင့်မြှင့်တင် တည်ဆောက်ရန်အတွက် ယခင်ကြိုးတံတားဟောင်းကို ဖယ်ရှား၍ လက်ရှိခိုင်ခံ့တံတားများကဲ့သို့ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မူလပင်မကြိုးတံတားဟောင်းရှိ တာဝါတိုင်နှစ်ခုအကွာအဝေး မီတာ ၁၈၀ (ပေ ၆၀၀)ရှိသော တံတားသစ်တည်ဆောက်သည့် ပင်မကြိုးတံတားအပိုင်းအား တန် ၆၀ ခံနိုင်ဝန်ရှိသည့် Steel Box Girder အမျိုးအစားဖြင့် အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တံတားသစ်၏ အောက်ခြေအုတ်မြစ်အား သံကူကွန်ကရစ်လွှန်တူးဘိုးပိုင်ဖြင့် တည်ဆောက်ထားပြီး အောက်ခံဖောင်ဒေးရှင်းအား အချင်း ၁ ဒသမ ၅ မီတာရှိသော ဘိုးပိုင်ရှစ်လုံးဖြင့် တည် ဆောက်ထားခြင်းဖြစ်သည်။ လပွတ္တာ(ပင်လယ်လေး)တံတားသစ်၏ အုတ်မြစ်အမျိုးအစားမှာ RC Bored Pile ဖြစ်ပြီး တံတားတစ်စင်းလုံး၏ အရှည်မှာ ပေ ၁၃၄၀ ရှိကြောင်း သိရသည်။

တံတားသစ်၏ အကျယ်မှာ ၉ ဒသမ ၃ မီတာ (၃၀ ဒသမ ၅ ပေ) ရှိပြီး ပင်မတံတားခန်းဖွင့်မှာ ၁၈၂ ဒသမ ၈၈ မီတာရှိကာ မြောင်းမြဘက်ကမ်းနှင့် လပွတ္တာဘက်ကမ်းရှိ ချဉ်းကပ်တံတားများမှာ ၁၁၂ ဒသမ ၇၇ မီတာစီရှိသည်။ မူလချဉ်းကပ်တံတားများဖြစ်သော မြောင်းမြနှင့် လပွတ္တာအခြမ်းရှိ ပေ ၅၀ အကျယ်အဝန်းရှိသည့် ချဉ်းကပ်အခန်းခုနစ်ခန်းစီမှာ ကောင်းမွန်သောကြောင့် ပြန်လည်အသုံးပြုထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးဝင်းက ပြောကြားသည်။

အဆိုပါ တံတားသစ်အဆင့်မြှင့်တင် တည်ဆောက်လိုက်ခြင်းကြောင့် လပွတ္တာမြို့ရှိ ရေထွက်ကုန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများမှာ ရန်ကုန်မြို့ထိ တိုက်ရိုက်တင်ပို့နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ရန်ကုန်-လပွတ္တာခရီးစဉ်အား နေ့ချင်းပြန် သွားလာနိုင်ကြမည်ဖြစ်ကြောင်း၊ လပွတ္တာမြို့ရှိ ဒေသခံများမှာ အဓိကရေထွက်ကုန်ဖြစ်သည့် ပင်လယ်ကဏန်းအား စီးပွားဖြစ်မွေးမြူနေကြ၍ ပြည်ပနိုင်ငံအသီးသီးသို့ တင်ပို့ဖြန့်ဖြူးရာတွင် လပွတ္တာ(ပင်လယ်လေး)တံတားမှတစ်ဆင့် မြောင်းမြတံတားသစ်ကိုဖြတ်သန်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တိုက်ရိုက်တင်ပို့နိုင်ပြီဖြစ်ကြောင်း တည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးဝင်းက ထပ်မံပြောကြားသည်။

**သတင်း - ပွင့်သစ္စာ**

**ဓာတ်ပုံ - စိုးမြင့်အောင်**

❐

# ယူရို ၂၀၂၀ အုပ်စုပွဲစဉ်များ မဲခွဲ၊ ဂျာမနီ၊ ပြင်သစ်နဲ့ ပေါ်တူဂီတို့ တစ်အုပ်စုတည်းကျ

ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ အုပ်စုအဆင့်ပွဲစဉ်များကို မဲခွဲခဲ့ရာမှာ ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီအသင်းဟာ အုပ်စု(F)မှာ လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်း၊ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်လျက်ရှိပါတယ်။

နည်းပြ ဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းကတော့ အုပ်စု(D)မှာ ခရိုအေးရှားအသင်း၊ ချက်အသင်းတို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေတာဖြစ်ပြီး ဝေးလ်အသင်းကတော့ အီတလီအသင်း၊ ဆွစ်ဇာလန်အသင်း၊ တူရကီအသင်းတို့နဲ့ အုပ်စု(A)မှာ တစ်အုပ်စုတည်း ကျရောက်နေတာ ဖြစ်ပါတယ်။

အုပ်စု(B)မှာတော့ ဘယ်လ်ဂျီယံအသင်း၊ ရုရှားအသင်း၊ ဒိန်းမတ်အသင်းနဲ့ ဖင်လန်အသင်းတို့ တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စု(C)မှာ ယူကရိန်းအသင်း၊ နယ်သာလန်အသင်း၊ ဩစတြီးယားအသင်း၊ အုပ်စု(E)မှာ စပိန်အသင်း၊ ပိုလန်အသင်း၊ ဆွီဒင်အသင်းတို့ တစ်အုပ်စုတည်းကျရောက်နေပါတယ်။

အုပ်စု(C)၊ အုပ်စု(D)၊ အုပ်စု(E)နဲ့ အုပ်စု(F)တို့ကတော့ တစ်အုပ်စုကို သုံးသင်းစီသာ မဲခွဲစာရင်းအရ ထွက်ပေါ်ထားပြီး အိုက်စ်လန်အသင်း၊ ရိုမေးနီးယားအသင်း၊ ဘူလ်ဂေးရီးယားအသင်း၊ ဟန်ဂေရီအသင်း၊ ဂျော်ဂျီယာအသင်း၊ မြောက်မက်ဆီဒိုးနီးယားအသင်း၊ ကိုဆိုဗိုအသင်း၊ ဘယ်လာရုစ်အသင်း၊ စကော့တလန်အသင်း၊ အစ္စရေးအသင်း၊ နော်ဝေအသင်း၊ ဆားဘီးယားအသင်း၊ ဆလိုဗက်ကီးယားအသင်း၊ ဘော့စနီးယား-ဟာဇီဂိုးဗီးနားအသင်း၊ မြောက်အိုင်ယာလန်အသင်း၊ အိုင်ယာလန်အသင်းတို့ထဲက play-off ကစားပြီး တက်လာမယ့် အသင်းလေးသင်းဟာ လစ်လပ်နေတဲ့အုပ်စုလေးအုပ်စုမှာ တစ်သင်းစီ ပါဝင်ကစားခွင့်ရမှာဖြစ်ပါတယ်။

အခု မဲခွဲဆုံးဖြတ်လိုက်တဲ့ အုပ်စုတွေထဲမှာ ဂျာမနီအသင်း၊ ပြင်သစ်အသင်းနဲ့ ပေါ်တူဂီအသင်းတို့ အုပ်စုဟာ အကျပ်ဆုံးအုပ်စုဖြစ်ပြီး အုပ်စုအဆင့်ပွဲစဉ်တွေကို ဇွန် ၁၂ ရက်မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ ယူရိုပြိုင်ပွဲကို အရင်က လေးနှစ်တစ်ကြိမ်တိုင်းမှာ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော်လည်း အခုပြိုင်ပွဲကိုမူ ဥရောပတစ်ဝန်းရှိ မြို့ကြီး ၁၂ မြို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ လက်ခံကျင်းပသွားမယ့်မြို့ ၁၂ မြို့ကတော့ ဂလက်စဂိုး၊ ဒပ်ဘ်လင်၊ လန်ဒန်၊ ဘီဘာအို၊ အမ်စတာဒမ်၊ ကိုပင်ဟေဂင်၊ မြူးနစ်၊ ရောမ၊ စိန့်ပီတာစဘတ်၊ ဘူခါရက်နဲ့ ဘာကူမြို့တို့ဖြစ်ပြီး စုစုပေါင်းအသင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။




ပြင်သစ်အသင်း ကစားသမားများအား တွေ့ရစဉ်။



## ဆောက်သမ်တန်ကို ရှုံးနိမ့်ပြီးနောက် ဝက်ဖို့ဒ်က နည်းပြ ဖလောရက်ကို ထုတ်ပယ်

ဝက်ဖို့ဒ်အသင်းဟာ နိုဝင်ဘာ ၃၀ ရက်က ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဆောက်သမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြ ဖလောရက်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

နည်းပြဖလောရက်ဟာ စက်တင်ဘာ ၇ ရက်က ဝက်ဖို့ဒ်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး သုံးလနီးပါးအကြာမှာ နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ နည်းပြဖလောရက်အနေနဲ့ ဝက်ဖို့ဒ်အသင်းနဲ့အတူ ပရီမီယာလိဂ် ၁၀ ပွဲ ကိုင်တွယ်ခဲ့ရာမှာ တစ်ပွဲသာ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဝက်ဖို့ဒ်အသင်းက နည်းပြ ဖလောရက်ကို ထုတ်ပယ်လိုက်တာကြောင့် လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်အတွင်း ထုတ်ပယ်ခံခဲ့ရတဲ့ တတိယမြောက် ပရီမီယာလိဂ်နည်းပြဖြစ်လာခဲ့ပြီး ဖလောရက်မတိုင်မီ နိုဝင်ဘာ ၃၀ ရက်က အာဆင်နယ်အသင်းက နည်းပြ အမ်မရီကို ထုတ်ပယ်ခဲ့တာဖြစ်ကာ နိုဝင်ဘာ ၁၉ ရက်က စပါးအသင်းက နည်းပြ ပိုချက်တီနိုကို ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

ဝက်ဖို့ဒ်အသင်းဟာ ၂၀၁၅ ခုနှစ် မေလအတွင်းက ပရီမီယာလိဂ်ကို တန်းတက်လာတာဖြစ်လို့ လက်ရှိပရီမီယာလိဂ်မှာ ငါးရာသီဆက်တိုက်ရှိနေခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် အခုနှစ်ဘောလုံးရာသီမှာတော့ ရလဒ်ပိုင်းက ဆိုးရွားနေခဲ့တာဖြစ်ပါတယ်။

## မန်ယူကခေါ်ယူမယ့် ဒေါ့မွန်တောင်ပံကစားသမား ဆန်ချိုက အနာဂတ်အရေး နွေရာသီဈေးကွက်တွင် ဆုံးဖြတ်မည်ဟုဆို

ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ သူ့ကိုခေါ်ယူလိုတဲ့ ဥရောပကလပ်အသင်းတွေ အတော်များများရှိခဲ့ပေမယ့် အနာဂတ်အရေးနဲ့ပတ်သက်ပြီး နွေရာသီဈေးကွက်ရောက်မှသာ ဆုံးဖြတ်မှာဖြစ်ကြောင်းနဲ့ အခုဘောလုံးရာသီ တစ်ရာသီလုံးကို ဒေါ့မွန်အသင်းမှာပဲ ဆက်ရှိနေမယ်လို့ ပြောခဲ့ပါတယ်။

အဲဒါဟာ ဂျာဒန်ဆန်ချိုအနေနဲ့ အခုလာမယ့် ဇန်နဝါရီဈေးကွက်အတွင်းမှာ ဘယ်အသင်းကိုမှ ပြောင်းရွှေ့ကစားမှာ မဟုတ်ဘူးလို့ သွယ်ဝိုက်ပြောကြားလိုက်တာဖြစ်ပြီး သူ့ကိုခေါ်ယူချင်တယ်ဆိုရင် နွေရာသီဈေးကွက်အထိ စောင့်ရဦးမှာဖြစ်ပါတယ်။

လက်ရှိမှာ ဘာစီလိုနာအသင်း၊ လီဗာပူးအသင်း၊ မန်ယူအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူဖို့စီစဉ်နေပြီး လာမယ့်နွေရာသီဈေးကွက်အတွင်းမှာ အပြိုင်ခေါ်ယူဖို့ ပစ်မှတ်ထားနေကြပါတယ်။

မန်ယူအသင်းဟာ ဂျာဒန်ဆန်ချိုနဲ့ ဟာလန်းတို့ နှစ်ဦးစလုံးကို ခေါ်ယူဖို့စီစဉ်နေပြီး နှစ်ဦးပေါင်း ပြောင်းရွှေ့ကြေးပေါင် ၁၈၅ သန်းအထိ အသုံးပြုသွားမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် မန်ယူအသင်းအနေနဲ့ ရိုးမားအသင်း ကွင်းလယ်ကစားသမား ဇာနီယိုလိုကိုလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေပြီး ပီအက်စ်ဂျီအသင်းနဲ့အပြိုင် ကြိုးပမ်းရဖို့ရှိနေပါတယ်။

မန်ယူအသင်းဟာ ပြီးခဲ့တဲ့ အပြောင်းအရွှေ့ဈေးကွက်အတွင်းက မာကွိုယာ၊ ဘစ်ဆာကာနဲ့ ဒန်နီယယ်ဂျိမ်းစ်တို့ကို ခေါ်ယူခဲ့ပေမယ့် အသင်းရဲ့ ရလဒ်ပိုင်းဟာ ထင်သလောက်ဖြစ်မလာခဲ့တာကြောင့် လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် ဂျာဒန်ဆန်ချိုနဲ့ ဟာလန်းတို့ကို ခေါ်ယူသွားဖို့ မန်ယူအသင်းက စီစဉ်နေတာ ဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ တောင်ပံကစားသမား ဆန်ချိုကို ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ သုံးစွဲသွားဖို့ရှိပြီး ဟာလန်းကို ပေါင် ၈၅ သန်းအထိ သုံးစွဲသွားဖို့ရှိနေပါတယ်။ တိုက်စစ်မှူး ဟာလန်းအနေနဲ့ အခုဘောလုံးရာသီအတွင်း ၁၈ ပွဲမှာ ၂၂ ဂိုးအထိ သွင်းယူပေးထားတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်နဲ့ ဂျူဗင်တပ်တိုက်စစ်မှူး မန်ဇူကစ်တို့ကိုလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။



**ငွေကြယ် - ရေးသားသည်**

ပြည်ထောင်စုဝန်ကြီးဌာန
အောင်ဘာလေ သိန်းဆုရှင်များ
(၁၀) ကြိမ်မြောက် ကျပ်သိန်းထောင်ချီပေါက်ထီဖွင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ (၁) ရက်နေ့

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

သ - ၅၇၉၀၈၇

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

တခ - ၄၈၄၅၀၅

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀၀)ဆုများ

ဍ - ၄၀၂၇၅၆ တခ - ၄၆၅၀၂၈

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၂၀၀၀)ဆုများ

ဝ - ၀၄၆၇၇၇
တဂ - ၀၇၇၈၄၉
တခ - ၇၀၅၀၂၅

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| အ - ၁၅၇၁၀၀ | ဂ - ၇၆၁၄၈၀ |
| ဆ - ၃၄၅၄၄၀ | ဏ - ၈၃၇၆၈၂ |
| င - ၄၉၅၂၁၈ | ထ - ၈၈၀၇၂၂ |

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ပ - ၀၀၀၀၇၃ | တ - ၇၇၇၉၉၉ |
| ယ - ၁၃၀၅၈၄ | ဏ - ၃၅၁၄၀၆ |
| တခ - ၂၀၈၄၄၄ | ခ - ၄၆၀၄၅၈ |
| ဏ - ၂၇၇၆၀၆ | ဍ - ၅၀၅၉၅၂ |
| ဝ - ၂၈၇၂၈၄ | တ - ၅၇၇၆၆၆ |
| ထ - ၂၉၇၅၇၀ | တဝ - ၇၅၆၂၈၅ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| တတ - ၀၀၆၆၄၀ | ဍ - ၄၀၆၀၉၄ | ရ - ၈၈၄၇၀၄ |
| ဝ - ၁၄၆၈၂၅ | ခ - ၆၁၄၀၀၄ | ပ - ၈၉၄၅၂၅ |
| ထ - ၁၈၁၀၈၃ | ဆ - ၆၆၄၅၂၁ | ရ - ၉၀၀၈၆၀ |
| ယ - ၀၈၃၉၉၉ | တ - ၉၀၉၉၉၇ | ဌ - ၉၂၈၇၈၉ |
| စ - ၂၂၅၈၂၂ | ဒ - ၇၇၂၆၈၇ | ဓ - ၉၅၂၈၇၂ |
| ထ - ၉၈၅၀၈၅ | ဝ - ၄၄၇၀၀၀ | |

## ဆုတစ်ဆုစီ ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| က - ၀၀၆၄၇၄ | ခ - ၉၈၅၇၉၆ | လ - ၈၄၇၇၄၈ |
| ယ - ၁၄၈၈၉၄ | ည - ၄၃၄၁၉၄ | ဓ - ၈၈၇၆၆၇ |
| ဗ - ၀၆၈၀၅၆ | တ - ၅၉၇၆၂၅ | ဒ - ၈၉၀၉၅၅ |
| ယ - ၂၇၈၀၈၉ | ဆ - ၆၀၈၂၉၉ | စ - ၉၄၄၆၆၆ |
| ရ - ၂၈၇၇၇၂ | ဝ - ၇၀၉၆၀၇ | ဓ - ၉၅၆၈၄၅ |
| ဠ - ၃၁၆၉၆၈ | ဆ - ၄၄၅၈၂၁ | ထ - ၉၈၂၈၅ |
| ဝ - ၇၉၇၀၉၉ | တတ - ၇၆၂၆၇၅ | |

## ဆုတစ်ဆုစီ ကျပ်သိန်း(၅၀)ဆုများ

| | | | | |
|---|---|---|---|---|
| ဠ - ၂၂၆၆၈၁ | ရ - ၇၇၇၇၇၇ | ဘ - ၅၃၈၅၈၈ | ခ - ၇၇၁၉၆၇ | ည - ၉၇၇၇၉၆ |
| ရ - ၂၂၈၇၇၇ | ဠ - ၇၈၀၀၄၂ | တ - ၅၉၇၅၂၅ | စ - ၇၈၈၇၄၂ | |
| ထ - ၂၅၂၂၉၂ | ဝ - ၉၉၀၀၀၆ | ရ - ၆၅၀၄၉၉ | ရ - ၈၀၀၇၉၉ | |
| ဝ - ၇၂၅၇၇၈ | ဘ - ၄၅၈၇၇၂ | ဘ - ၇၀၅၅၅၈ | တဝ - ၈၂၇၈၇၀ | |
| ည - ၇၂၈၇၅၂ | ဆ - ၅၃၅၁၆၆ | ထ - ၇၇၂၂၉ | ယ - ၈၄၂၀၄၈ | |

## ဆုတစ်ဆုစီ ကျပ်သိန်း(၂၀)ဆုများ

| | | | | |
|---|---|---|---|---|
| ခ - ၁၂၅၂၂၈ | ခ - ၂၆၅၇၀၆ | ပ - ၄၇၈၈၆၀ | ယ - ၆၇၇၁၈၂ | တ - ၈၈၄၆၇၇ |
| မ - ၀၅၉၀၉၂ | ထ - ၂၇၀၈၉၉ | ဠ - ၅၁၀၈၀၅ | ဝ - ၆၇၄၉၇၃ | ဝ - ၈၉၇၀၉၃ |
| ယ - ၁၇၉၅၂၇ | တ - ၄၅၉၉၉၁ | ခ - ၅၇၉၆၇၁ | ခ - ၆၉၀၉၇၁ | ယ - ၉၅၇၇၇၈ |
| တ - ၂၇၈၅၀၅ | ဂ - ၄၆၂၅၂ | ပ - ၅၆၀၀၇၅ | ည - ၇၇၅၂၈၇ | ဠ - ၉၁၁၉၈၇ |
| ဗ - ၂၅၂၈၇၅ | မ - ၅၇၇၇၆၄ | ထ - ၆၂၅၂၈၀ | စ - ၈၅၇၆၇၄ | |

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဍ - ၁၃၅၉၂၀ | ဓ - ၃၁၁၇၆၂ | ဃ - ၄၇၃၃၈၂ | ဓ - ၇၀၉၃၈၅ |
| ဃ - ၁၃၅၆၉၉ | ထ - ၃၁၃၈၄၆ | ဃ - ၅၆၈၉၅ | ရ - ၇၁၆၅၀ |
| ဓ - ၁၉၉၅၀၃ | ဆဓ - ၄၂၂၅၀ | ဓ - ၅၉၉၀၈ | ထ - ၇၇၀၈၀ |
| ဝ - ၂၈၁၁၉၄ | ပ - ၄၄၉၈၆ | ထထ - ၆၃၀၅၈ | ဃ - ၇၇၈၅၀ |
| ဃ - ၂၈၃၀၅၅ | ဓ - ၄၉၉၀၁ | ရ - ၆၃၈၅၀ | ရ - ၈၂၈၂ |
| ရ - ၂၈၉၅၆၈ | ထ - ၄၄၄၃၅၉ | ဏ - ၆၉၃၅၉ | ဓ - ၈၆၃၆ |

| |
|---|
| ဓ - ၈၁၁၅၇၀ |
| ထ - ၉၀၅၅၃၉ |
| ဃ - ၉၃၂၈၀၅ |
| ဓ - ၉၉၆၈၄၂ |

## စဝစဝဆဝဆဝဝဓဓသဝ ဆုမဲစနစ်

### စဝစဝဆဝဆဝဝဓဓသဝ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ဃ - ၀၂၆၉၉ | ထ - ၅၃၄၉၉ | ထ - ၇၄၂၉ |
| ဌ - ၁၉၁၈၅ | ဃ - ၅၉၅၇၄ | ထ - ၇၉၁၈ |
| ဆ - ၁၉၈၀၉ | ရ - ၅၉၉၈၂ | ရ - ၈၂၂၆ |
| ထ - ၂၁၃၉၉ | ထ - ၅၈၃၆ | ဓ - ၈၂၈၃ |
| ရ - ၂၃၂၉ | ထ - ၆၉၅၅ | ထထ - ၉၅၂၂၀ |
| ဃ - ၃၀၉၅၅ | ဌ - ၇၉၁၁၂ | |

ဆုအမှတ်(၃)သိန်းဆုများ - ကျပ်(၃)သိန်း

### စဝစဝဆဝဆဝဝဓဓသဝ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဇ - ၂၀၆၆ | ထထ - ၄၅၀၀ | ထ - ၇၆၈၉ |
| ဃ - ၂၀၄၈ | ဓ - ၄၈၄၀ | ဃ - ၇၈၄၀ |
| ထ - ၂၄၄၄ | ဓ - ၄၉၉၃ | ဠ - ၈၀၈၉ |
| ဓ - ၃၀၀၃ | ဓ - ၆၃၅၄ | ဆ - ၈၂၁၂ |
| ရ - ၃၅၀၅ | ဠ - ၆၈၈၂ | ဓ - ၈၆၀၈ |

ဆုအမှတ်(၂)သိန်းဆုများ - ကျပ်(၂)သိန်း

### စဝစဝဆဝဆဝဝဓဓသဝ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ဝ - ၃၀၄ | ဓ - ၆၄၀ | ဠ - ၇၉၉ |
| ဓ - ၄၄၁ | ဓ - ၆၁၀ | ဂ - ၈၄၂ |
| ထ - ၄၄၆ | ရ - ၆၉၃ | ဠ - ၈၆၅ |
| ဓ - ၅၀၈ | ဆ - ၃၀၀ | ဃ - ၈၆၈ |
| သ - ၅၇၉ | ဃ - ၃၃၁ | ဓ - ၈၆၉ |
| ထဝ - ၅၈၀ | ဂ - ၉၈၅ | ဓ - ၉၅၇ |

ဆုအမှတ်(၁)သိန်းဆုများ - ကျပ်(၁)သိန်း

### စဝစဝဆဝဆဝဝဓဓသဝ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ရ - ၁၀ | ဠ - ၂၂ | ထ - ၅၄ |
| ဓ - ၁၁ | ဓ - ၂၄ | ဆ - ၅၉ |
| ဃ - ၂၀ | ဝ - ၃၀ | ရ - ၆၄ |
| ထ - ၂၀ | ဇ - ၃၃ | ဓ - ၇၂ |
| ထ - ၂၂ | ဓ - ၃၃ | ထ - ၈၆ |
| | ဝ - ၄၆ | ဝ - ၉၃ |
| | ထ - ၅၃ | ဓ - ၉၉ |

ဆုအမှတ်(၂)ခုလုံး - ကျပ်(၅)သောင်း

## ထီတွက်သီး ရရှင့်ကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဝ - ၃၃၄၀၃၃ ဃ - ၃၃၃၃၈၀ သ - ၈၀၀၅၃၈ ဃ - ၉၃၀၃၄၈

## စဝစဝဆဝဆဝဝဓဓသဝ ဆုမဲစနစ်

### စဝစဝဆဝဆဝဝဓဓသဝ ကျပ်(၃)သိန်းဆုများ

ထ - ၅၈၂၅၃ ဓ - ၆၀၃၂၀

ဆုအမှတ်(၃)သိန်းဆုများ - ကျပ်(၃)သိန်း

### စဝစဝဆဝဆဝဝဓဓသဝ ကျပ်(၂)သိန်းဆုများ

ဠ - ၄၉၉၂
ထ - ၉၀၄၀

ဆုအမှတ်(၂)သိန်းဆုများ - ကျပ်(၂)သိန်း

### စဝစဝဆဝဆဝဝဓဓသဝ ကျပ်(၁)သိန်းဆုများ

ဠ - ၃၆၃
ဠ - ၆၄၀

ဆုအမှတ်(၁)သိန်းဆုများ - ကျပ်(၁)သိန်း

[illegible]

www.ird.gov.mm

50 ANNIVERSARY

SP Bakery
We Bake For You Everyday

**နှစ် (၅၀) ပြည့် ရွှေရတု** တိုင်အောင် အောင်မြင်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

နောင်တွင်လည်း ဆတက်ထမ်းပိုး တိုးတက် အောင်မြင်ပါစေကြောင်း

**OK$** မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

OK$ Better than Cash

DIAMOND
INYA PALACE CONDO
The Luxury Life Style You Deserve

**Diamond Inya Palace Luxury Condominium**

Soft Opening Ceremony Of

Special Sale Event And Honorable Celebration ကို

**24.11.2019** (တနင်္ဂနွေနေ့)က ခမ်းနားထည်ဝါသော

**Diamond Inya Palace, 6th Floor** ရှိ

**Ayeyarwady Pool Side** ၌

စည်ကားသိုက်မြိုက်စွာ ကျင်းပဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

ဆတက်ထမ်းပိုးတိုး၍ ဂုဏ်သတင်းကောင်းဖြင့် အစွန့်ရှည်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

IBPC
INTERNATIONAL BUSINESS PROMOTION CENTRE

SHWE TAUNG
Inspiring Lives. Sustaining Progress.

သုဝဏ္ဏ နောင်(ချောင်း၀)
မြေ ဥယျာဉ်(၀.၇၅)ဧက
ကမ်းနားပေါက်မြေ
အိမ်လပ်မြေဖျော်စက်လုပ်ရန်
အလွန်ကောင်း။

နှစ်ရှည်ငှားမည်၊ (ဈေးနှုန်းညှိနှိုင်း)

သုဝဏ္ဏ နောင်လမ်းမကြီးပေါ်
မျက်နှာဖွင့်ပေ ၄၀'
အလျားပေ(၂၆၀' × အနံ ၇၅')
ကမ်းနားပေါက်မြေ

စားသောက်ဆိုင် /အထင်ဆိုင် /Car Showroom
ဖွင့်ရန်သင့်တော်သည့်မြေနေရာကောင်း နှစ်ရှည်ငှားမည်၊

ဆက်သွယ်ရန် ။ ။ 09-421140288 ၊ 09 -400023580 ၊ 09-5021404

EAZY DRIVE(အမျိုးသမီးသီးသန့်)
(ကားမောင်းအမြန်ရက်တိုသင်တန်း)
- ရန်ကုန်မြို့ ထဲလမ်းများပေါ်တွင်ကိုယ်တိုင် လျှမ်းကျွင် ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် ကား ပါကင်အမြန်ထိုးနိုင်အောင် တစ်ဦးချင်း သီးသန့် အတတ်သင်ပေးသည်။
09 264807699

ညောင်ဦးမြို့
မြေကွက်ရောင်းမည်

မြို့တွင်း မိန်းလမ်းမပေါ် မေးတင်၊ ပေ(၃၇x၆၀) တည်းခိုခန်း၊ စားသောက်ဆိုင်ဖွင့်ရန်နေရာကောင်း

ဆက်သွယ်ရန်
ဖုန်း-၀၉-၉၅၁၁၈၈၈၁၁

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မေတ္တာလမ်း၊ တိုက်အမှတ်(၆၆/၆၇)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မျက်နှာချင်းဆိုင်ကြည့်လျှင် ညာဘက်ခြမ်း ဒုတိယထပ်(ခြေရင်းခန်း)၊ အလျား(၁၆.၅)ပေxအနံ ပေ(၄၀)ရှိ တိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စိန်စိန်လှ [၁၂/ကတတ(နိုင်)၀၁၁၂၂၁]၊ ဒေါ်အေးအေးသောင်း [၁၂/ကတတ(နိုင်)၀၁၁၁၉၂]၊ ဒေါ်အေးအေးသွယ် [၁၂/ကတတ(နိုင်)၀၀၄၈၅၂] တို့မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းချက်အရ ကျွန်မမှ အဆိုပါတိုက်ခန်းကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာထွေး**

**အမှတ်-၂၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်။**

**ဖုန်း-၀၉-၄၂၁၁၁၄၂၀၇**


IKBZ Insurance
MSIG
IKBZ General Insurance နှင့် Mitsui Sumitomo Insurance တို့၏ ကမ္ဘာ့အဆင့်မီ
အကောင်းဆုံး အထွေထွေအာမခံဝန်ဆောင်မှု စတင်ပြီ။
KBZ MS
General Insurance
IKBZ
General Insurance
(မြန်မာ)
MSIG
Insurance
(ဂျပန်)
No.53, Strand Square, Merchant Road, Pabedan Township, Yangon.
Website: www.kbzms.com
E-mail: info@kbzms.com
Facebook: www.facebook.com/kbzms
01- 230 7000
09-95 007 7000
" Insurance you can rely on "

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ ဓမ္မာရုံ၊ ရေကန်၊ တံတား ဒါယကာကြီး

## ဦးမြင့်သန်း (မိုးကုတ်ယောဂီ)

**အသက်(၉၅)နှစ်**

**ကန်တော်ကလေး**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူကျောင်းတိုက်၊ မိုးကုတ်ဓမ္မမဂ္ဂင်ကျောင်း ဆရာတော် ဦးဇယဒိသ၏ ခမည်းတော်ကြီး၊ ကန်တော်ကလေး (၉၁)လမ်း၊ အမှတ် (၉၂)နေ ဒေါ်သန်းငွေ၏ ခင်ပွန်း၊ ဦးတင်ဝင်းနိုင်(အာရှတော်ဝင် ဆေးရုံ)-ဒေါ်ရီရီမျိုး၊ ဦးစံထွေး-ဒေါ်နွယ်နွယ်ဦး၊ ဦးအောင်နိုင်ဦး (ETO, MAERSK LINE)-ဒေါ်ခင်မေသစ်၊ ဦးထွန်းဦး-ဒေါ်သီသီဦး၊ ဦးရဲမောင်-ဒေါ်ထွေးထွေးဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးမြင့်သန်းသည် ၂၉-၁၁-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၁၁-၂၀၁၉ (စနေ နေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ထွေး (ဗန်းမော်အသင်းနာယက)

**အင်ဂျင်နီယာမှူးကြီး (ငြိမ်း)**

**သန်လျင်တံတားစီမံကိန်း**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြသီရိလမ်းသွယ်၊ အေဝမ်းလမ်း၊ အမှတ်(၁၁)နေ (ဦးရှိုရှန်-ဒေါ်ဆိုင်ငင်)တို့၏ သား၊ (ဒေါ်မြင့်မေ)၏ ချစ်လှစွာသောခင်ပွန်း၊ Captain ဟန်သိန်း-ဒေါ်မျိုးမျိုးဟန်၊ ဦးမြတ်သာ-ဒေါ်အိအိခင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မရတနာဝင်း၊ မောင်ရန်နိုင်ဝင်း၊ မောင်ခံ့ညားဝံ့တို့၏ ချစ်လှစွာသောအဘိုး ဦးတင်ထွေးသည် ၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉:၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၉(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းသိစေရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၁၉(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဇော်မင်း (သဲအင်းယောဂီ)

**အသက်(၅၀)**

**CDC-25839 (Chief Officer)**

**MV. JIA DE**

ရန်ကုန်မြို့နေ ဦးတင်မြင့်-(ဒေါ်သန်းမြ)တို့၏ ချစ်လှစွာသောသား၊ (ဦးကျော်ဇော-ဒေါ်မြင့်မြင့်ရီ)တို့၏ ချစ်လှစွာသောသားသမက်၊ ဒေါ်ရီရီကျော်၏ ချစ်လှစွာသော ကျေးဇူးရှင်ချစ်ခင်ပွန်း၊ ကိုပြည့်ဖြိုးဇော် (O/S, Uniteam Marine)၊ မရွှန်းပပအောင် BE.Con (Eco)တို့၏ ချစ်လှစွာသော ဖခင်၊ တူ ၁၅ ယောက်၊ တူမ ၁၁ ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ (Ka Wa Saki)အနီး MV.JIA-DE သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားခဲ့ပါသည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ၃၀-၁၁-၂၀၁၉ ရက်တွင် ပြန်လည်ယူဆောင်ပြီးဖြစ်ပါသဖြင့် ၃-၁၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၃၃၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## စောနော်မန်ဒွေး(ခ)ကိုဉာဏ်ဝင်း(SAW NORMAN DWE)

**အသက်(၇၂)နှစ်**

**မြန်မာ့လေကြောင်း(ငြိမ်း)**

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ် (6/515)၊ အောက်ကြည့်မြင်တိုင်လမ်းမ(ဇရာဝတီဝင်း)နေ (စောအေးဒွေး-နော်အုန်းခင်)တို့၏ တစ်ဦးတည်းသောသား၊ (စောစံအေး-နော်မဥ)တို့၏ သားသမက်၊ နော်ခရစ္စတာဘဲလ် @ နော်သီရိဒွေး၊ စောသောရေဒွေး-နန့်နွယ်နွယ်ငွေး၊ စောအီလိုင်ဇာဒွေး၊ နော်မိုးမိုးအေးဒွေး-ကျော်ကိုကိုဝင်း၊ စောအယ်ကလူဒွေးတို့၏ ဖခင်၊ နော်ထရီဇာဒွေး၊ စောဂျိုးရေဒွေး၊ စောဂျေးဗက်(စ်)ဒွေး၊ စောအယ်လ်ဗင်ဒွေးဝင်းတို့၏ အဘိုး၊ စစ္စတာနော်ဟေးဒီ(ငြိမ်း)၏ ချစ်ခင်ပွန်း စောနော်မန်ဒွေးသည် ၁-၁၂-၂၀၁၉ ရက် ညနေ ၅:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဈာပနဝတ်ကို ၃-၁၂-၂၀၁၉ ရက် နံနက် ၉:၃၀ နာရီတွင် ရန်ကုန်မြို့မအသင်းတော် (သီတာလမ်း၊ ကြည့်မြင်တိုင်)၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

---

## ဦးအောင်သန်း(ခ)

**စာရေးဆရာ**

**အောင်ထက်ခိုင်(စနဲ)**

**လ-ဝ-က မှူး(ငြိမ်း)**

**အသက်(၆၂)နှစ်**

**စနဲမြို့၊ လူမှုရေးအသင်း(ရန်ကုန်) နာယက**

တာမွေမြို့နယ်၊ ပျားရည်ကုန်းလမ်း၊ အမှတ်(၆)နေ ဦးဝေကျန်-ဒေါ်ပန်းနု၊ (ဦးမောင်ချေ - ဒေါ်ငွေရင်ဦး)တို့၏ သားသမက်၊ ဒေါ်ခင် သန်းနု၏ အစ်ကို၊ ဒေါ်ခင်နွဲ့ရီ၏ခင်ပွန်း၊ ဒေါက်တာဖိုလ်ကြီး သန်းထက်အောင် - ဒေါ်ဝင်းလဲ့သူ၊ ဦးအောင်ဖြိုးကျော်-မစုစုအောင်၊ မနွဲ့ဖူးဝေတို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၉ ရက် နံနက် ၀၀:၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသား/သူများ ပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စနဲမြို့၊ လူမှုရေးအသင်း(ရန်ကုန်)

---

## ဒေါ်ခင်အေးအေး (Charlotte) (BA.BL)

**အဖွဲ့ခွဲမှူး-ငြိမ်း၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး**

**အသက်(၉၃)နှစ်**

**နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)**

ရန်ကုန်မြို့၊ အမှတ်(ဝိုင်)သုခဝတီ၊ ကမ္ဘာအေးဘုရားလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးဘဆင့်-ဒေါ်စိမ်းရင်)တို့၏ သမီး၊ အသင်း၏နာယကကြီး ဦးဘညွန့် (သံအမတ်ကြီး-ငြိမ်း)၏ ဇနီးဖြစ်သူ ဒေါ်ခင်အေးအေးသည် ၂၈-၁၁-၂၀၁၉ ရက် နံနက် ၇:၅၀ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဓမ္မာရုံ၊ ဝင်းထရံ၊ ယောဂီဆောင် ဒါယိကာမကြီး

## ဒေါ်စိန် (၈၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၁၀)လမ်း၊ အမှတ်(၁၀၄၄)နေ (ဦးပန်းညွန့်-ဒေါ်ထွေး)တို့၏ သမီး၊ (ဦးကြည်)၏ ဇနီး၊ ဦးထွန်းဝေ-ဒေါ်နုနု၊ ဦးရွှေလှဝင်း-ဒေါ်သန်းသန်းဦး၊ ဦးစိန်သန်း-ဒေါ်စုစုမော်၊ Paul-Emma၊ ကိုဖိုလ်ရွှေ-မဝိုင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၀-၁၁-၂၀၁၉ (စနေနေ့) နံနက် ၄:၁၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး

## နတ်မောက် ဦးထွန်းရှိန်

**စာရေးဆရာ၊ သတင်းစာဆရာကြီး၊ မန္တလေးနေ့စဉ်သတင်းစာအယ်ဒီတာချုပ်**

**အမျိုးသားစာပေဆုရှင်**

**အသက်(၈၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဘော်အိုင်ကျေးရွာနေ (ဦးကျော်ဟန်-ဒေါ်ညိုလေး)တို့၏ တတိယသား၊ မန္တလေးမြို့နေ ပွဲစားကြီး (ဦးရှောင်-ဒေါ်အုံးစိန်)တို့၏ သားသမက်၊ (ဦးစိန်)-ဒေါ်သန်းရီ၊ ဦးမောင်ပန်၊ (ဦးသိန်းဟန်)-ဒေါ်ကြိုင်၊ (ဒေါ်တုတ်)၊ (ဦးကျော်မြင့်)-ဒေါ်ကြည်အောင်၊ ဦးလှအောင်-ဒေါ်နှင်းဥ၊ ဦးမောင်ကြန်-ဒေါ်ဝဲလေးတို့၏ အစ်ကို၊ မန္တလေးမြို့နေ (ဦးမြင့်သိန်း-ဒေါ်စိန်လှဖြူ)၊ (ဦးညီဝင်း-ဒေါ်သောင်းသောင်း)၊ (ဦးဝင်းနိုင်)-ဒေါ်ညိုညိုတို့၏ အစ်ကို၊ (ဦးအောင်ထွန်းဦး)-ဒေါ်နန်းဆွေအိမ်၊ ဦးဖြိုးတင့်-ဒေါ်မေစီထွန်း၊ ဒေါက်တာသက်လွင်-ဒေါ်တင်မမထွန်း၊ ဦးအောင်ကျော်ထွေးအေး-ဒေါ်လွင်မမထွန်း၊ ဦးမျိုးမင်းထွန်း-ဒေါ်စုစုထွေးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ (ဒေါ်မြမြ-မြသရဖူ)၏ ချစ်လှစွာသောခင်ပွန်း သည် ၃၀-၁၁-၂၀၁၉ (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့၊ (၈၆)လမ်း၊ လမ်း(၂၀) နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းအောင်သာ (မြေစာရင်းဦးစီး-ငြိမ်း)

**(ရသေ့တောင်-ဘူးသီးတောင်မြို့နယ်အသင်း)**

**အသက်(၈၄)နှစ်**

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ (ဒေါ်မခိုင်)၏ ခင်ပွန်း၊ ဒေါ်မြဝေ (ကျောင်းအုပ်ကြီး၊ အထက-၅၊ ကမာရွတ်)၊ ဒေါ်စန်းစန်းရီ (ကျောင်းအုပ်ကြီး၊ အထက၊ လက်ဝဲဒက်ပုဇွန်ချောင်း၊ ဘူးသီးတောင်)၊ ဦးအောင်မြင့်ဦး-ဒေါ်မိုးမိုး (သူနာပြုဆရာမကြီး၊ အင်းစိန်ပြည်သူ့ ဆေးရုံ)၊ Mr. David Sharrah - ဒေါ်စိုးစိုး (LCC Language Learning Centre၊ ပြည်မြို့)၊ ဦးမောင်မောင်စိုး-ဒေါ်ခင်ခင်ဝင်း (ခေတ္တ-ဂျပန်)၊ ဦးညီညီစိုး-ဒေါ်လှလှသိန်း(ခေတ္တ-ဂျပန်)တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၉(စနေနေ့) ညနေ ၆:၄၅ နာရီတွင် အမှတ်(၁၂၈၃)၊ ဟေမာဂနိုင်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၉(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၉(သောကြာနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း

**အသက်(၆၇)နှစ်**

**B.E Mechanical 1977**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၈)၊ သုံးလွှာ(B)နေ (ဦးစံမြ-ဒေါ်သန်းရီ)၏ သားကြီး၊ (ဦးထွန်းရှင်)-ဒေါ်သန်းသန်းတို့၏ သားသမက်၊ ဒေါ်သန်းသန်းရှင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရွှေရောင်နီ-မသင်းနန္ဒာထက်၊ မလင်းလက်ရွှေရည်၊ မောင်ဘုန်းမြင့်မော်-မရွှေဇင်တို့၏ ချစ်လှစွာသော ဖခင်သည် ၃၀-၁၁-၂၀၁၉ ရက် ည ၁၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မမြတ်သန္တာလွင်(ခ)သန္တာ

**အသက်(၄၇)နှစ်**

(ပန်းချီမောင်မောင်သိုက်-ဒေါ်ခင်မာဝင်း)တို့၏ သမီးကြီး၊ ဦးဇေဝင်း၊ ဦးလှအောင်-(ဒေါ်လှရီ)၊ ဒေါ်စိန်စိန်၊ (ဒေါ်ခင်ခင်ထွေး)၊ (ဦးသန်းဦး-ဒေါ်လှရင်)၊ ဦးစိန်လှိုင်-(ဒေါ်တင်နွယ်)၊ (ဦးမြင့်သိန်း)-ဒေါ်ခင်သန်းကြွယ်၊ (ဦးကျော်ထွန်း-ဒေါ်မြမြ)၊ (ဦးကျော်မြင့်)-ဒေါ်ခင်လှဝင်းကျော်တို့၏ တူမ၊ ဒီဇိုင်းမောင်မြင့်လွင်-ဒေါ်ခင်နွဲ့ရီတို့၏ ညီမ၊ ဒီဇိုင်းဇေဖြိုးအောင်-မဇာခြည်လှိုင်တို့၏ အစ်မ မမြတ်သန္တာလွင်(ခ)သန္တာသည် ၁-၁၂-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် (၂၁/ငါးလွှာ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

## ဆရာတော်ဘဒ္ဒန္တဇောတိက မဟာထေရ်မြတ်ကြီး

**(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)**

**သိက္ခာတော် (၇၀)ဝါ၊ သက်တော် (၉၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သာသနာ့ဇောတိကာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီးသည် (၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်)၊ ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅:၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (၁၃၈၁ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်)၊ ၈-၁၂-၂၀၁၉(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ အန္တိမ အဂ္ဂိဈာပနပြုလုပ် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ထပ်မံ၍ အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ

---

ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ တရားပြဆရာကြီး

## ဒေါ်တိသထေရီ

**သိက္ခာတော် (၅၀)ဝါ၊ သက်တော် (၇၃)နှစ်**

**(နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့)**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာနေ (ဦးသာခင်-ဒေါ်သောင်းရွှေ) တို့၏ သမီး၊ ညောင်ခါးရှည်ရွာနေ (ဦးကြည်ပြုံး-ဒေါ်သိန်းမြင့်)၊ (ဦးဝင်း)-ဒေါ်ခင်စန်းမြင့်၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးစောဖေ)-ဒေါ်ကြွယ်ကြွယ်၊ (ဦးချစ်မောင်)-ဒေါ်မမကြီး၊ ဒေါ်မမလေးတို့၏ညီမ ဆရာကြီး ဒေါ်တိသထေရီသည် ၃၀-၁၁-၂၀၁၉(စနေနေ့) ည ၈:၅၀ နာရီတွင် ရန်ကုန်မြို့၊ ကုတင်(၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နန္ဒဝန်ဥယျာဉ် ကျောင်းတိုက်၊ နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးငွေစိုး(ငြိမ်း)

**အသက်(၆၅)နှစ်**

**ကြည်း-၁၅၃၀၁၊ ဗိုလ်သင်တန်းအမှတ်စဉ်(၅၇)**

**ဌာနခွဲမှူး(ငြိမ်း)၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ**

ဝါးခယ်မမြို့၊ လှေကျင်း(၁)လမ်း၊ အမှတ်(၁၆၇)နေ (ဦးသောင်းဉာဏ်-ဒေါ်တီ)တို့၏ သား၊ (ဦးသန်းမောင်-ဒေါ်ရှမ်း)တို့၏ သားသမက်၊ ဒေါ်အေးမြင့်၏ ခင်ပွန်း၊ ဦးစည်သူနေဝင်း-ဒေါ်အေးမြစိုး၊ ဒေါ်ခင်သီတာစိုး၊ ဗိုလ်ကြီးစိုးမြင့်အောင်(ငြိမ်း)-ဒေါ်အိအိကျော်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဗိုလ်ကြီးငွေစိုး(ငြိမ်း)သည် ၂၉-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဝါးခယ်မမြို့၊ မြေသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးမင်းဆန်း(ခ)ကိုမျိုး

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ပန်းမယ်ဇလီလမ်း၊ အမှတ်(၈)၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန် အိမ်ရာနေ ဒုတိယ ဗိုလ်မှူးကြီးအောင်ဆန်း(ငြိမ်း)-ဒေါ်အေးကြည်တို့၏ သားကြီး၊ ကိုထိန်လင်းအောင်-မမိုမို စောမင်း၊ မမေသီရိ အောင်ဆန်းတို့၏ အစ်ကို၊ သမီးလေး မသွန်းနဒီလင်း၏ ဖခင်ကြီးသည် ၃၀-၁၁-၂၀၁၉(စနေနေ့) နံနက် ၁၀:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၉(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးမင်းဆန်း(ခ)ကိုမျိုး

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန် အိမ်ရာနေ ဒုတိယ ဗိုလ်မှူးကြီးအောင်ဆန်း(ငြိမ်း)-ဒေါ်အေးကြည် တို့၏ သားကြီးဖြစ်သူ သူငယ်ချင်း ဦးမျိုးမင်းဆန်းသည် ၃၀-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၁)မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စံ

**အသက်(၉၇)နှစ်**

ဒေါက်တာသန်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ဌေးတို့၏ မိခင်ဒေါ်စံ အသက်(၉၇)နှစ်သည် ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ**

**ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

**(ဘုရင့်နောင်ကုန်စည်ဒိုင်)**

# ရော့ခ်သီချင်းများဖြင့် အောင်မြင်စွာရုပ်သိမ်းခဲ့သည့် "1st Nay Pyi Taw Bike Week (2019)"



ဆိုင်ကယ်ချစ်သူများအဖွဲ့ နေပြည်တော်အတွင်း မောင်းနှင်ကြစဉ်။ ဓာတ်ပုံ - ညွန့်ဇော်အောင်

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုဝင်ဘာ ၂၉ ရက်မှ ယနေ့ညအထိ နေပြည်တော် ရေပန်းဥယျာဉ်တွင် သုံးရက်တာ ကျင်းပခဲ့သည့် 1st Nay Pyi Taw Bike Week (2019)နှင့် The Great Empire တေးဂီတဖျော်ဖြေပွဲကြီးကို ယနေ့ညတွင် နိုင်ငံကျော်အဆိုတော်များ၏ မြူးကြွသည့် ရော့ခ်သီချင်းများဖြင့် အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

**ပျော်ရွှင်စွာဖြတ်သန်းခဲ့**

ယနေ့ည ၇ နာရီခွဲမှစတင်ကာ ဇော်ဝင်းထွဋ်၊ R ဇာနည်၊ ဝေလနှင့် သာဒီးလူ အစရှိသည့် ရော့ခ်အဆိုတော်များက ပရိသတ်များအကြိုက် ရော့ခ်သီချင်းများကို သီဆိုဖျော်ဖြေခဲ့ကြပြီး နိုင်ငံတစ်ဝန်းမှ ဆိုင်ကယ်ချစ်သူများနှင့် နေပြည်တော်နှင့် အနီးပတ်ဝန်းကျင်မှ ရော့ခ်သီချင်းချစ်သူများက ရော့ခ်သံစဉ်များနှင့် စီးမျောလိုက်ပါကာ ပွဲတော်နောက်ဆုံးနေ့ညကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြသည်။

ဂီတဖျော်ဖြေပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဆိုင်ကယ်အစီးရေ ၃၀၀၀ နီးပါးပါဝင်**

နေပြည်တော်အခြေစိုက် Joker Biker MC မှ ကိုပိုင်ကြီးက "ဒီပွဲကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဆိုင်ကယ်ကလပ်တွေအားလုံး ဆုံစည်းတဲ့ပွဲပါ။ ဆိုင်ကယ်ချစ်သူတွေဆုံတွေ့တဲ့ပွဲက ကျွန်တော်တို့မြို့မှာတင်မကဘူး တခြားမြို့တွေမှာလည်း လုပ်ကြတယ်။ အခုပွဲကို အနယ်နယ်အရပ်ရပ်က ဆိုင်ကယ်ကလပ်ပေါင်း တစ်ရာကျော်က ဆိုင်ကယ်အစီးရေ ၃၀၀၀ နီးပါးနဲ့ ပါဝင်ဆင်နွှဲကြတယ်။ ဒီပွဲက ရလာတဲ့အကျိုးအမြတ်တွေကိုလည်း **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

## အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ အားကစားသတင်း

# ပိုက်ကျော်ခြင်း ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ကြေးတံဆိပ်ရရှိ



**မနီလာ ဒီဇင်ဘာ ၁**

၂၀၁၉ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက ဆူဘစ်မြို့ရှိ Subic Bay Gym ၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရယူနိုင်ခဲ့သည်။

အိမ်ရှင်ဖိလစ်ပိုင် အသင်းသည် ကွင်းသွင်းခြင်းခတ် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံးတွင် ရွှေတံဆိပ်ရရှိခဲ့သည်။

**ရွေးချယ်ခဲ့**

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အမျိုးသမီးအသင်းများမှာ ပြိုင်ပွဲတစ်ပွဲစီသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့တွင် ကွင်းသွင်းခြင်းခတ်အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲကျင်းပခဲ့ပြီး မြန်မာအသင်းသည် အမျိုးသမီးပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအပါအဝင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအသင်းအနေဖြင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့ ❂**

PHILIPPINES 2019
30th SEA GAMES

## ဆီးဂိမ်းပြိုင်ပွဲ မြန်မာဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားဘောလုံးအသင်း ယှဉ်ပြိုင်ကစားမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁

ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပသည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပွဲစဉ်များတွင် အုပ်စုပွဲစဉ်များအဖြစ် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့သည် ဒီဇင်ဘာ ၂ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အား ယင်းနေ့ညနေ ၆ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Sport Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အုပ်စုပထမနေရာအတွက် မလေးရှားကို ဂိုးပြတ်သွင်းယူရမည့် မြန်မာအမျိုးသမီးအသင်း

**မနီလာ ဒီဇင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပနေသည့် အကြိမ် (၃၀)မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၂ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဘီနန်ကွင်း၌ မြန်မာအသင်းနှင့် မလေးရှားအသင်း၊ ရီဇယ်လ်အမှတ်တရကွင်း၌ ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာဘောလုံးအသင်းများ ယှဉ်ပြိုင်ရမည့် နှစ်ပွဲစလုံးကို ဘီနန်ကွင်း၌ ကစားရမည်ဖြစ်ပြီး အမျိုးသမီးအသင်းက ပထမပွဲ၊ အမျိုးသားအသင်းက ဒုတိယပွဲကစားရမည်ဖြစ်သည်။ နိုဝင်ဘာ ၂၉ ရက်က ကျင်းပသည့် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့အပြီးတွင် အုပ်စု(က)မှ အိမ်ရှင် ဖိလစ်ပိုင်၊ အုပ်စု (ခ) မှ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး နောက်ဆုံးနေ့တွင် ဆီမီးဖိုင်နယ်တက်ခွင့် လက်ကျန်နှစ်နေရာအတွက် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

